ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ စနေနေ့၊ (27-11-2010) (၆၂၉၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

လုပသည့်အနာဂတ်ကို ပိုင်ဆိုင်စေရန် ထုဆစ်ပုံဖော်ပေးနေသူများမှာ မိဘများပင်ဖြစ်

အမျိုးသားပညာရည်မြင့်မားရေးဆိုင်ရာ အောင်မြင်ရန်အတွက် မိဘများ ပူးပေါင်းပါဝင်မှုသည် အရေးပါ

သားသမီးများကို လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာအောင် ထိထိရောက်ရောက် ပြုစုပျိုးထောင်ပေး

နေပြည်တော် နိုဝင်ဘာ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးသည် ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပသော ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်းမှ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့် ထူးချွန်ကျောင်းများ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်းမှ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် ထူးချွန်ကျောင်းများ ဆုချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့သည် အမျိုးသားရေး တာဝန်ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံရေး ဦးတည်ချက်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ ကြေးမုံ သတင်းအညွှန်း

၂၀၁၀ ခုနှစ် နှစ်လယ် ကျောက်မျက်ရတနာ ပြပွဲ ဆက်လက်ကျင်းပလျက်ရှိ။
သတင်းစာမျက်နှာ ၃

ATP World Tour Finals
တင်းနစ်ပြိုင်ပွဲ ရော်ဂျာဖက်ဒရား ဆီမီးဖိုင်နယ်တက်။
သတင်းစာမျက်နှာ ၁၁

ဓာတုလက်နက် ဖျက်သိမ်းရေး စက်ရုံသစ် ရုရှားနိုင်ငံ၌ ဖွင့်လှစ်။
သတင်းစာမျက်နှာ ၆

ပစိဖိတ်သမုဒ္ဒရာအတွင်း ရက်ပေါင်း ၅၀ ကြာ မျောပါခဲ့သော လူငယ်သုံးဦး သေကံမရောက်။
သတင်း စာမျက်နှာ ၆

ဝိန်းရွန်နေး မန်ယူပရိသတ်အား တောင်းပန်စကားဆို။
သတင်း စာမျက်နှာ ၁၁

ကြေးမုံ The Mirror

၂၇-၁၁-၂၀၁၀ (စနေနေ့)

ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီပါဝင်

မြန်မာနိုင်ငံအတွင်း ပြည်ထောင်စုတိုင်းရင်းသားများ ချစ်ကြည်ရင်းနှီး ပေါင်းစည်းနေထိုင်လျက်ရှိသည်။ တစ်မြေတည်းနေ တစ်ရေတည်းသောက်၍ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြသည်မှာ ယနေ့ကာလအထိဖြစ်သည်။ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရပေမည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားများ ပေါင်းစည်းနေထိုင်ရာ ပြည်ထောင်စုတစ်ဝန်းလုံး ဆက်စပ်ဖွံ့ဖြိုးလာစေရန် အားကြိုးမာန်တက် ဖော်ဆောင်ပေးလျက်ရှိသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အောင်မြင် ဖြစ်ထွန်းနေသည့် စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရင်း စက်မှုနိုင်ငံထူထောင်နိုင်ရေး ကြိုးပမ်းနေကြပြီ။ စက်မှုဇုန်များ၊ စက်မှုနယ်မြေများ ထူထောင်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန် ရရှိနေပြီ။

သဘာဝသယံဇာတ အရင်းအမြစ်များရှိပြီးဖြစ်ရာ ယင်းတို့ကို ဖော်ထုတ် အသုံးချနိုင်ရေး အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေပြီ။ ရခိုင်ပြည်နယ်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုတည်ထောင်ပေးထားပြီ။ ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုစီတွင် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီတို့ကို ဖွင့်လှစ်ပေးထားရာ လူငယ်လူရွယ် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာနေပြီ။

ထို့အပြင် ရေ၊ မြေ သဘာဝအတားအဆီးများကြောင့် လမ်းပန်းဆက်သွယ်ရေး အားနည်းနေသောဒေသများတွင် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ ယခင်က ရေလမ်းတစ်ခုတည်းကိုသာ အားထားနေခဲ့ရသည့် ရခိုင်ပြည်နယ်တွင် မော်တော်ကားလမ်း၊ ရထားလမ်းများ ဖောက်လုပ်ပေးထားပြီး လေကြောင်းခရီးကိုပါ တိုးချဲ့ပြေးဆွဲနေပြီ။ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာမှုနှင့်အတူ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများပါ မြှင့်တင်ပေးနိုင်နေပြီ။

နိုင်ငံတော်က ဖြည့်ဆည်းပေးထားသည့် အခြေခံကောင်းများကို အကျိုးရှိရှိ အသုံးချပြီး နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်တည်ဆောက်ကြရပေမည်။ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းသည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလသုံးပါးစလုံး ဆက်စပ်ဆောင်ရွက်ရသောလုပ်ငန်းဖြစ်ရာ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံး မှန်ကန်သည့်အသိတရား၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ပြည်ထောင်စုကြီးဖွံ့ဖြိုး တိုးတက်အောင် ဝိုင်းဝန်းပါဝင်ကြိုးပမ်းကြရပေမည်။

တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ညီညွတ်မျှတသည့် လူ့ဘောင်အဖွဲ့အစည်းကို တည်ထောင်နိုင်ခဲ့ကြပြီ။ တိုင်းရင်းသားပြည်သူအားလုံးတို့က ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

မိုးစပါးအထွက်နှုန်းမှန်ကန်ရေး မင်းလှမြို့နယ်၌ စံကွက်ရိတ်သိမ်း

မင်းလှ နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီ၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဒေါ်နွယ်နီဦး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ကျော်စိုး‌ဝေ၊ မြန်မာ့စိုက်ပျိုးရေးမန်နေဂျာ ဒေါ်မြင့်မြင့်သန်းတို့သည် မြို့နယ်မြေစာရင်းဦးစီးဌာန ဝန်ထမ်းများနှင့်အတူ နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် မင်းလှမြို့နယ် ကိုင်းပြင်ကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၇၈)(က) ကိုင်းပြင်ကြီးအရှေ့ကွင်း ဦးပိုင်အမှတ်(၅၀/၁) တောင်သူဦးစံသိန်း၏ ဆင်းနွယ်ရင် စပါးမျိုး ၄ ဒသမ ဝ၈ ဧကသို့ သွားရောက်၍ မိုးစပါးအထွက်နှုန်းမှန်ကန်ရေးအတွက် ရိတ်သိမ်းကြသည်။**(အပေါ်ပုံ)**

အဆိုပါစံကွက်မှ ခြောက်သွေ့ပြီး စပါးတစ်ဧကေ ၇၈ ဒသမ ၇၃ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လားရှိုးမြို့ နယ်မြေခံတပ်ရင်း အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၈ ရက်တွင် လားရှိုးမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

ဆက်လက်၍ တပ်ရင်းရုံးအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး တပ်ရင်းအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် နိုဝင်ဘာ ၂၀ ရက်တွင် လားရှိုးမြို့နယ် မန်မော်ကျေးရွာ တိုင်းစစ်ဌာနချုပ် ဘက်စုံစံပြစိုက်ပျိုးရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ပြောင်းစိုက်ပျိုးထွက်ရှိမှုနှင့် ကြံများစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ဟိုပိတ်ကျေးရွာ တိုင်းစစ်ဌာနချုပ် စိုက်ပျိုးရေးစီမံကိန်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရုံးလုပ်ငန်းအထောက်အကူပြုကွန်ပျူတာသင်တန်းဖွင့် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် တက်ရောက်အမှာစကားပြော

နေပြည်တော် နိုဝင်ဘာ ၂၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပသော ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်းအမှတ်စဉ်(၄/၂၀၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ အရာထမ်း၊ အမှုထမ်း ၃၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာ သင်တန်းအမှတ်စဉ် (၄/၂၀၁၀) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မုဒုံမြို့ အထက(၁) မြတ်ဆရာပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၆

မွန်ပြည်နယ် မုဒုံမြို့ အထက(၁) (ယခင် ရှင်အရဟံအထက်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှင်အရဟံခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀) ပြည့်ပြီး အပူဇော်ခံရန် အဆက်အသွယ်မရှိသေးသော ဆရာကြီး၊ ဆရာမကြီးနှင့် လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် မုဒုံမြို့တွင် ဆရာဦးလှဝင်း(ကျောင်းအုပ်ကြီး) ဖုန်း-၀၅၇-၇၀၀၁၈၊ ဒေါက်တာတင်ရွှေ ဖုန်း-၀၅၇-၇၀၁၆၂၊ ဒေါက်တာဝင်းမော် ဖုန်း-၀၅၇-၇၀၆၁၀၊ ဦးခင်စိုး ဖုန်း-၀၅၇-၇၀၃၄၇၊ ၀၉-၈၇၀၃၇၂၉၁၊ ဒေါ်ရွှေဝတ်မှုန် ဖုန်း-၀၅၇-၇၀၆၂၂နှင့် ဒေါ်ကေသီအေး ဖုန်း-၀၉-၄၉၈၂၆၀၀၆ တို့သို့ လည်းကောင်း၊ ရန်ကုန်မြို့တွင် ဦးသန်းတင်အောင် (ဗိသုကာ) ဖုန်း-၀၁-၆၆၂၂၆၃၊ ဒေါ်စန်းစန်းလွင် ဖုန်း-၀၁-၂၉၃၈၄၇၊ ဦးဝင်းနိုင် ဖုန်း-၀၉-၅၀၁၃၀၉၄၊ ဦးစံဝေ ဖုန်း-၀၁-၇၁၆၄၉၃၊ ၀၉-၅၁၀၃၆၈၆နှင့် ဦးဝေမြင့် (ယုဇနပလာဇာ) ဖုန်း-၀၉-၅၁၁၃၁၂၅ တို့သို့ လည်းကောင်း ဆက်သွယ်ကြပါရန် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ နှိုးဆော်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးလောင်ဆုံးရှုံးမှု မဖြစ်ပွားစေရေးအတွက် မီးသတ်ရေစင်များထားရှိမှု၊ လျှပ်စစ်ဝါယာကြိုးများ သွယ်တန်းထားရှိမှုနှင့် မီးသတ်ဆေးဘူးများထားရှိမှုတို့ကို နိုဝင်ဘာ ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်လွင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၁၁-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိ ပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂုဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၁၅ ၇။ အကပြိုင်ပွဲ
- ၈း၂၀ ၈။ တေးဂီတအစီအစဉ်
- ၈း၃၅ ၉။ International News
- ၈း၄၀ ၁၀။ Local Talent
- ၈း၄၅ ၁၁။ "ရေမြင့်. . . ကြာတင့်"
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၂၀ ၅။ Yan Can Cook
- ၁၂း၄၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၆၃)**
- ၁း၄၀ ၇။ "မဟော်သဓာ" (အပိုင်း-၉) (အားသစ်၊ ပိစိ၊ မင်းသစ်၊ မင်းဇော်)(ဒါရိုက်တာ-စန္ဒရားသန်းဇော်)
- ၂း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၂း၂၅ ၉။ သက်တံရောင်သံစဉ်
- ၂း၃၅ ၁၀။ အတီးပြိုင်ပွဲ
- ၂း၅၀ ၁၁။ International News
- ၃း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (စီးပွားရေးပညာထူးပြု) (စီးပွားရေးပညာ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ "ဆီးချိုသွေးချိုကာကွယ်ပါ"
- ၅း၀၅ ၇။ တေးဂီတအစီအစဉ်
- ၅း၃၀ ၈။ International Science News
- ၅း၄၀ ၉။ HIV/AIDS ရောဂါ ကာကွယ်တိုက်ဖျက်ရေး (အပိုင်း-၁)
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆း၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ်
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၃၄)(ဇာတ်သိမ်းပိုင်း)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၇၇)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၁၃)**
- ၂၀။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၁။ အစီအစဉ်ပြီး၏။

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ ဝန်ကြီး ဦးအုန်းမြင့်နှင့် ဝန်ကြီး ဦးကျော်ဆန်းတို့ ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၆

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၀ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိရာ ၂၀၁၀ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းတို့သည် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ၏ ကျောက်စိမ်းအတွဲများ ဝယ်ယူနေမှုကို ကြည့်ရှုအားပေးကြသည်။

ပြပွဲကို နံနက် ၉ နာရီမှ စတင်ဖွင့်လှစ်၍ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် စတင်ရောင်းချရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြပြီး ဈေးပြိုင်စနစ်ဖြင့် အပြိုင်အဆိုင် ဝယ်ယူကြရာ ကျောက်စိမ်းအတွဲပေါင်း ၆၆ တွဲ ရောင်းချရကြောင်း သိရှိရသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းတို့သည် ညနေ ၃ နာရီတွင် ပြပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညဏ်ထွန်းအောင်၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ပြပွဲဗဟိုကော်မတီဝင်များနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့်အတူ ရတနာပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုနှင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲများ ဝယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း ပြည်ပ ရတနာကုန်သည်များ တည်းခိုနေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် တည်းခိုနေထိုင်ရေး ဆပ်ကော်မတီ၏ ကြိုတင်စီစဉ် ဆောင်ရွက်ပေးမှုဖြင့် ပြည်ပ ရတနာကုန်သည်များသည် နေပြည်တော်ရှိ ဟိုတယ်၂၄ ခုတွင် တည်းခိုနေထိုင်လျက်ရှိကြရာ ဟိုတယ်များ၏ ဝန်ဆောင်မှု ကောင်းမွန်သောကြောင့် တည်းခိုနေထိုင်စားသောက်ရေး အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ၂၀၁၀ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၂၉ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ရာ နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင်လည်း ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

၂၀၁၀ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းတို့ ရတနာပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကာလအတွင်း ပြပွဲကျင်းပသည့် နေရာများ၌ ညပိုင်းတွင် ရောင်စုံမီးအလှများဖြင့် အလှဆင်ထားစဉ်။ (သတင်းစဉ်)

Eco Echo Exhibition ပြပွဲ Supercool ကားတာယာပြခန်း ပါဝင်ပြသ

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ Eco Echo Exhibition ပြပွဲကို ပြသလျက်ရှိရာ Supercool ကားတာယာပြခန်း ပါဝင်ပြသလျက်ရှိသည်။

အဆိုပါ Supercool ကားတာယာပြခန်းတွင် နိုင်လွန်(သို့မဟုတ်) စတီး (Radial)တာယာတပ်ဆင် မောင်းနှင်နေသော မော်တော်ကားကြီးများ၏ တာယာမျက်နှာပြင် အပေါက်အကွဲများ၊ ဘေးနံရံအကွဲ ဒဏ်ရာများကြောင့် မောင်းနှင်၍ မရတော့သော တာယာများကို မူလပကတိအတိုင်း အသုံးပြုနိုင်ရန် ပြုပြင်ပေးခြင်း၊ ပန်းသားကုန်အောင်မောင်းနှင်ပြီးသော ကားတာယာများကို အသစ်ကဲ့သို့ ပြန်လည်အသုံးပြုနိုင်ရန် အအေးပေါင်းစနစ်ဖြင့် ပန်းသားအသစ် တပ်ဆင်ခြင်းလုပ်ငန်းကို Kyi Brothers Industries Co.,Ltd. က တစ်ရက်လျှင် တာယာအလုံး ၂၀၀ အထိ ထုတ်လုပ်နိုင်သော ခေတ်မီစက်သစ်ကြီးများဖြင့် နိုင်ငံခြားသား Superviser ပညာရှင်များဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ Supercool အမှတ်တံဆိပ်ပါ Retread Tyre များကို ဦးတရုတ်ကြီးလမ်း လှိုင်သာယာစက်မှုဇုန် (၄) ရန်ကုန်မြို့ ဖုန်း -၇၂၈၃၅၁၊ ၆၈၅၁၄၄ နှင့် ၆၈၅၇၇၈မှ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

Supercool တာယာနှင့် ဆက်သွယ်ရရှိနိုင်သည့် လိပ်စာများမှ ရန်ကုန်အရောင်းပြခန်း အမှတ်(၈၂/၁၉) ဘုရင့်နောင်ဈေးရှေ့ ဘုရင့်နောင်ပွဲရုံလမ်း ဖုန်း-၆၈၁၇၉၄၊ မန္တလေးအရောင်းပြခန်း အမှတ်(၁၆) (၃၆)လမ်း (၈၂)လမ်းနှင့် (၈၃)လမ်းကြား မန္တလေးမြို့ ဖုန်း -၀၉-၈၅၁၆၀၁၆၊ မော်လမြိုင်ကိုယ်စားလှယ် အမှတ်(၁၄) ဈေးချိုကားကြီး အဝေးပြေးဝင်း မော်လမြိုင်မြို့ ဖုန်း -၀၉-၈၇၀၀၁၇၇၊ ပဲခူးမြို့ ကိုယ်စားလှယ် အမှတ်(၅၇/ခ) သွန်းဘုရားလမ်း သွန်းဘုရားရပ် ပဲခူးမြို့ ဖုန်း-၀၉-၅၁၄၀၆၉၅၊ သီရိမင်္ဂလာရပ် အောင်ဇေယျာလမ်းမ မိတ္ထီလာမြို့ ဖုန်း-၀၉-၄၇၁၀၂၄၀၆၊ နှင်းဆီလမ်း ကံဦးရပ် ရန်ကုန်-မန္တလေးကားလမ်း ဖုန်း-၀၉-၄၇၁၀၂၄၀၇ တို့ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

Eco Echo Exhibition ပြပွဲတွင် Supercool ကားတာယာပြခန်း ပါဝင်ပြသစဉ်။ (သတင်းစဉ်)

အထက(၁) တာမွေ မြတ်ဆရာ ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

အထက(၁)တာမွေမှ ၁၉၇၂-၁၉၇၃ခုနှစ် ဝန်းကျင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း ပင်လုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လျှုဒါန်းလိုပါက ဦးမောင်မောင်တီ(သချာ) ဖုန်း-၅၅၂၀၅၄၊ ၀၉-၅၁၈၆၆၃၇၊ ဒေါက်တာတင်စံဦး ဖုန်း-၇၃၀၅၆၆၅၇၊ ဒေါ်အေးအေးသန်း ဖုန်း-၅၄၂၂၃၈၊ ၅၄၂၂၅၄၊ ဒေါက်တာသန်းသန်းစိုး ဖုန်း-၀၉-၅၁၉၄၈၄၉၊ ဒေါ်နီနီမြင့် ဖုန်း-၅၄၂၄၀၁၊ ဒေါ်ခင်အေးမြင့် ဖုန်း-၂၅၄၁၀၈၊ ဒေါ်ကျင်ကျင်စန်း ဖုန်း-၅၄၅၈၆၊ ဒေါ်လှလှမူ ဖုန်း-၅၄၃၇၉၁နှင့် ဒေါ်သီသီဆွေ ဖုန်း-၅၅၃၇၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဒုစရိုက်ဂိုဏ်းများ ကြီးစိုးရာနယ်မြေ ဘရာဇီးရဲတပ်ဖွဲ့နှင့်စစ်ဘက် ပူးပေါင်းရှင်းလင်း

ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၆

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ မူးယစ်ဂိုဏ်းများကြီးစိုးရာ ကျူးကျော်ရပ်ကွက်တစ်ခုကို ဘရာဇီးရဲတပ်ဖွဲ့ဝင်များက တစ်အိမ်တက်ဆင်းစီးနင်းရှာဖွေကာ လုံခြုံရေးတည်ဆောက်ခဲ့ကြောင်း နိုဝင်ဘာ ၂၆ ရက်သတင်းများတွင် ဖော်ပြသည်။

ဘရာဇီးဖက်ဒရယ်ရဲတပ်ဖွဲ့အရာရှိ ၈၀ ခန့်သည် ရီယိုဒီဂျနေးရိုး ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ခရူဇိုင်ရိုကျူးကျော်ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း ရှာဖွေစစ်ဆေးမှုများ လုပ်ဆောင်ခဲ့သည်။

ရဲတပ်ဖွဲ့၏ ဗီလာခရူဇိုင်ရိုကျူးကျော်ရပ်ကွက်ကို စီးနင်းဝင်ရောက်မှုအား ဘရာဇီးစစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင် ၈၀၀ က နောက်ခံပြုအထောက်အကူပေးခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ခရူဇိုင်ရိုကျူးကျော်ရပ်ကွက်ကို လုံခြုံရေးအရ ရှင်းလင်းမှုပြုလုပ်ရာတွင် ငါးနာရီကြာမြင့်ခဲ့ပြီး ဘရာဇီးစစ်ဘက်မှ သံချပ်ကာကားများလည်း အဆိုပါစစ်ဆင်ရေးတွင် ပါဝင်ခဲ့ကြသည်။

ရီယိုဒီဂျနေးရိုးမြို့တော်တွင် နိုဝင်ဘာ ၂၁ ရက်မှစ၍ မူးယစ်ဂိုဏ်းများမှအစပြုသော အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ ပါဝင်ပတ်သက်သူ ၁၉၂ ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အကြမ်းဖက်မှုများကြောင့် မော်တော်ယာဉ် ၉၆ စီး မီးရှို့ဖျက်ဆီးခံခဲ့ရပြီး အနည်းဆုံး လူ ၂၅ ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့၏ အဆိုအရသိရသည်။

မူးယစ်ဂိုဏ်းများကြီးစိုးရာ ခရူဇိုင်ရိုကျူးကျော်ရပ်ကွက်ကို ဘရာဇီးရဲတပ်ဖွဲ့ကစီးနင်းရာတွင် စစ်ဘက်က ကူညီရန် ဘရာဇီးသမ္မတက အခွင့်အာဏာပေးအပ်ခဲ့သည်။ ***အေပီ။***

ရီယိုဒီဂျနေးရိုးမြို့ မူးယစ်ဂိုဏ်းများကြီးစိုးရာ ခရူဇိုင်ရိုကျူးကျော်ရပ်ကွက်အတွင်း စစ်ဆင်ရေးပြုလုပ်နေသော ဘရာဇီးရဲတပ်ဖွဲ့ဝင်များကို စစ်ဘက်သံချပ်ကာ ကားတစ်စီးနှင့်အတူ နိုဝင်ဘာ ၂၅ ရက်က တွေ့ရစဉ်။

ပြန်ပေးဆွဲမှုများကိုတားမြစ်သည့် ကုလစာချုပ် မကြာမီ အာဏာသက်ဝင်မည်

ဂျီနီဗာ နိုဝင်ဘာ ၂၆ - နိုင်ငံတစ်နိုင်ငံ၏ ထောက်လှမ်းရေးအဖွဲ့အစည်းတစ်ရပ်က လည်းကောင်း၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ရာဇဝတ်ဂိုဏ်းများက လည်းကောင်း တစ်စုံတစ်ဦးအား လျှို့ဝှက်ဖမ်းဆီးအကျဉ်းချ၊ သတ်ဖြတ်ခြင်း (Forced Disappearance)များကို တားမြစ်သည့် နိုင်ငံတကာစာချုပ်တစ်ရပ်သည် ဒီဇင်ဘာ ၂၃ ရက်တွင် အာဏာသက်ဝင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီက နိုဝင်ဘာ ၂၄ ရက်တွင် ထုတ်ပြန်သည်။

စနစ်တကျ စီမံလုပ်ဆောင်သော ပြန်ပေးဆွဲမှုများကို လူ့ဂုဏ်သိက္ခာအား ထိခိုက်စေသည့် ရာဇဝတ်များအဖြစ် လျှို့ဝှက်ဖမ်းဆီးအကျဉ်းချခြင်းနှင့် သတ်ဖြတ်မှုများမှ လူသားများကို အကာအကွယ်ပေးရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် (၂၀၀၆)က အတိအလင်းဖော်ပြပြီး ဖြစ်သည်။

ယခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် အာဏာသက်ဝင်မည့် စာချုပ်သစ်သည် မည်သည့်လျှို့ဝှက်အကျဉ်းချမှုမျိုးကိုမဆို တားမြစ်ထားပြီး ယင်းအမှုကို ကျူးလွန်သူ၊ စေခိုင်းသူနှင့် ဖြားယောင်းသိမ်းသွင်းသူ မည်သူ့ကိုမဆို တရားစွဲဆိုရန် စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးသော နိုင်ငံများကို တောင်းဆိုထားသည်။

အီရတ်နိုင်ငံသည် အဆိုပါ စာချုပ်တွင် ၂၀ ဦးမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အမေရိကန်ပြည်ထောင်စုကမူ လက်မှတ်ရေးထိုးခြင်းမရှိပေ။ ***အင်တာနက်။***

ဓာတုလက်နက်ဖျက်သိမ်းရေးစက်ရုံသစ် ရုရှားနိုင်ငံ၌ ဖွင့်လှစ်

မော်စကို နိုဝင်ဘာ ၂၆

စစ်အေးတိုက်ပွဲကာလ လက်ကျန်ဓာတုလက်နက်များကို ဖျက်ဆီးမည့် စက်ရုံတစ်ရုံကို နိုဝင်ဘာ ၂၆ ရက်က ထပ်မံဖွင့်လှစ်နိုင်ခဲ့သော်လည်း ၂၀၁၂ ခုနှစ် နောက်ဆုံးထား၍ ရုရှားနိုင်ငံ၏ ဓာတုလက်နက်များအားလုံးကို ဖျက်သိမ်းမည့် အစီအမံသည် ပြီးမြောက်နိုင်ဖွယ်မရှိသေးကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားသည်။

သောကြာနေ့က ဖွင့်လှစ်လိုက်သော ဓာတုလက်နက်ဖျက်သိမ်းရေးစက်ရုံသည် မော်စကိုမြို့တော် အနောက်တောင်ဘက် ၃၇၉ ကီလိုမီတာအကွာရှိ ဘရိုင်းဆက်မြို့တွင် တည်ရှိသည်။

အဆိုပါစက်ရုံသည် စစ်အေးတိုက်ပွဲကာလအလွန် ဓာတုလက်နက်များ ဖျက်သိမ်းရေးအတွက် ရုရှားနိုင်ငံက နောက်ဆုံးတည်ဆောက်ခဲ့သော စက်ရုံတစ်ရုံဖြစ်သည်။

ရုရှားနိုင်ငံ၏ ဓာတုလက်နက်တိုက်သည် ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်သည်။ ရုရှားနိုင်ငံသည် ၂၀၁၂ ခုနှစ် ဧပြီလတွင် ၎င်းပိုင်ဆိုင်ထားသော ဓာတုလက်နက်အားလုံးကို ဖျက်သိမ်းရမည်ဖြစ်သော်လည်း ယင်းလက်နက်များအားလုံးကို ဖျက်သိမ်းရန် သတ်မှတ်ထားသောကာလထက် နှစ်နှစ် သို့မဟုတ် သုံးနှစ်အထိ ထပ်မံအချိန်ယူရဦးမည်ဖြစ်ကြောင်း ဓာတုလက်နက်များဖျက်သိမ်းရေးလုပ်ငန်းကို ကြီးကြပ်သည့် ရုရှားစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ရုရှားနိုင်ငံ၏ စစ်အေးတိုက်ပွဲ ပြိုင်ဘက်အမေရိကန်နိုင်ငံသည် ၎င်း၏ ဓာတုလက်နက် ၇၈ ရာခိုင်နှုန်းကို ဖျက်သိမ်းနိုင်ခဲ့သော်လည်း ၂၀၁၂ ခုနှစ် ဧပြီလ၌ ဓာတုလက်နက်များအားလုံး ဖျက်သိမ်းနိုင်ရမည်ဟူသော သတ်မှတ်ချက်ကိုမူ လိုက်နာနိုင်ဖွယ်ရာမရှိကြောင်း သတင်းတွင် ဖော်ပြသည်။ ***အေပီ။***

အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုဟောင်းတို့၏ အာဖဂန်ကျူးကျော်စစ်ကာလ ကြာမြင့်မှုတူညီ

ကဘူး နိုဝင်ဘာ ၂၆

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့များက အာဖဂန်နစ္စတန်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့သည်မှာ ယနေ့ဆိုလျှင် ကိုးနှစ်နှင့် ရက်ပေါင်း ၅၀ ပြည့်ခဲ့ပြီဖြစ်ရာ ယခင်ဆိုဗီယက်ပြည်ထောင်စုက အာဖဂန်နစ္စတန်ကို ဝင်ရောက်သိမ်းပိုက်ခဲ့သည့် အချိန်ကာလကို ပြည့်မီလုနီးပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများတွင် ဖော်ပြသည်။

အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်နှင့် တာလီဘန်များကို ချေမှုန်းရန် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များက ၂၀၀၁ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အာဖဂန်ကျူးကျော်စစ်ကို စတင်ခဲ့ကြသည်။

စစ်ပွဲကို စတင်ဆင်နွှဲစဉ်က ရေတိုစစ်ပွဲအဖြစ် အမြန်ဆုံးအဆုံးသတ်ရန် အမေရိကန်နှင့် မဟာမိတ်များက မျှော်လင့်ခဲ့ကြသော်လည်း စစ်ပွဲကာလသည် မမျှော်လင့်ဘဲ ကြာညောင်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ရင်ဆိုင်နေရ

အာဖဂန်စစ်မြေပြင်၌ လက်ရှိတပ်စွဲထားသည့် နေတိုးတပ်ဖွဲ့ဝင် ၁၀၀၀၀၀ ခန့်သည် အာဖဂန်နစ္စတန်နိုင်ငံအနေဖြင့် လုံခြုံရေးနှင့် အုပ်ချုပ်ရေးအရ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်နိုင်ရန် ကူညီရင်း တစ်ဖက်ကလည်း နိုင်ငံနှင့်အဝန်း တိုးမြင့်ဖြစ်ပေါ်လျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို ရင်ဆိုင်နေရသည်။

အာဖဂန်စစ်မြေပြင်သို့ ယခုနှစ် စောစောပိုင်းတွင် အမေရိကန်နိုင်ငံက တပ်ဖွဲ့ဝင် ၃၀၀၀၀ ထပ်မံအင်အား ဖြည့်တင်းခဲ့ပြီးနောက် ရရှိခဲ့သော တိုးတက်မှုများသည် အချိန်မရွေး ကွယ်ပျောက်သွားနိုင်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ယခု သီတင်းပတ်အတွင်း ထုတ်ပြန်သော အာဖဂန်စစ်ပွဲဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ***အေပီ။***

အယ်လ်ခိုင်ဒါဟု ယူဆရသူ ၁၄၉ ဦး ရှစ်လအတွင်း ဆော်ဒီအာဏာပိုင်များ ဖမ်းဆီး

ရီးယက်ဒ် နိုဝင်ဘာ ၂၆

ပြီးခဲ့သည့် ရှစ်လတာကာလအတွင်း အယ်လ်ခိုင်ဒါ အဖွဲ့ဝင်များဟု ယူဆရသူ ၁၄၉ ဦးကို အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၂၆ ရက်သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ အယ်လ်ခိုင်ဒါ အဖွဲ့ဝင်များဟု ယူဆရသူများသည် ဆော်ဒီအစိုးရတာဝန်ရှိသူများ၊ အရပ်သားများနှင့် လူထုဆက်သွယ်ရေးလုပ်ငန်းများကို တိုက်ခိုက်ရန် စီမံခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

၎င်းတို့သည် ပြည်ပနှင့် ဆက်နွှယ်နေသော အကြမ်းဖက်ကွန်ရက် ၁၉ ခုမှ အဖွဲ့ဝင်များဖြစ်ပြီး ၎င်းတို့၏ အကြမ်းဖက်တိုက်ခိုက်ရေးစီမံချက်များမှာ အကောင်အထည်ဖော်ဆဲ ဖြစ်ကြောင်း ဆော်ဒီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၀၃ ခုနှစ် မေလအတွင်း ဆော်ဒီအာရေဗျနိုင်ငံ၌ စစ်သွေးကြွများက အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ပြီးနောက်ပိုင်း ဆော်ဒီအာဏာပိုင်များသည် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးကို ပိုတိုးလုပ်ဆောင်ခဲ့ရသည်။ ***အေပီ။***

ပစိဖိတ်သမုဒ္ဒရာအတွင်း ရက်ပေါင်း ၅၀ကြာ မျောပါခဲ့သော လူငယ်သုံးဦး သေကံမရောက်

ဝယ်လ်လင်တန် နိုဝင်ဘာ ၂၆

ပစိဖိတ်သမုဒ္ဒရာအတွင်း လှေငယ်တစ်စင်းဖြင့် အနည်းဆုံး ရက်ပေါင်း ၅၀ ကြာမြင့်ခဲ့ပြီးနောက် ဆယ်ကျော်သက်အရွယ် လူငယ်သုံးယောက်သည် သေကံမရောက် သက်မပျောက်ဘဲ ဖီဂျီနိုင်ငံသို့ ရောက်ရှိလာကြောင်း အင်တာနက်သတင်းတွင် နိုဝင်ဘာ ၂၆ ရက်၌ ဖော်ပြထားသည်။

ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း နယူးဇီလန်ပိုင် တိုကီးလော့ကျွန်းမှ လူငယ်သုံးဦးကိုရှာဖွေ၍ မတွေ့သည့်အဆုံး၌ သေဆုံးကြပြီဟု မှတ်ယူထားခဲ့ကြသည်။

၎င်းတို့သည် အုန်းသီးများ၊ တာပေါ်လင်ပိတ်စဖြင့် ခံယူ၍ ရသောမိုးရေများနှင့် ဖမ်းဆီးရမိခဲ့သည့် ပင်လယ်ငှက်ကြီး တစ်ကောင်၏အသားတို့ကို မှီဝဲ၍ အသက်ဆက်ခဲ့ကြရသည်။

၎င်းတို့သုံးဦးကို ငါးဖမ်းရေယာဉ်တစ်စင်းက တွေ့ရှိပြီး ဖီဂျီသို့ နယူးဇီလန်ရေတပ်ကင်းလှည့်သင်္ဘောတစ်စင်း စောင့်ကြပ်၍ ခေါ်ဆောင်လာခဲ့ပြီး ရေဓာတ်ခန်းခြောက်ခြင်းနှင့် နေလောင်ခြင်းကို ကုသပေးရန် ဆေးရုံသို့ ပို့ပေးခဲ့ကြသည်။

အောက်တိုဘာ ၅ ရက် အားကစားပြိုင်ပွဲတစ်ခုအပြီး၌ အာတာဖူသန္တာကျောက်ကျွန်းမှနေ၍ အလူမီနီယံလှေငယ်တစ်စင်းဖြင့် ၁၅ နှစ်သားနှစ်ဦး၊ ၁၄ နှစ်သားတစ်ဦးတို့ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

နယူးဇီလန်လေတပ်ဖွဲ့က ရှာဖွေပေးသော်လည်း မတွေ့ရတော့သဖြင့် သေဆုံးကြပြီဟု ယူဆခဲ့ကြသည်။

ဗုဒ္ဓဟူးနေ့ ညနေပိုင်း၌ ဖီဂျီကျွန်းစု၏ အရှေ့မြောက်ဘက်တွင် ကျူနာငါးဖမ်းသင်္ဘောတစ်စင်းမှ သင်္ဘောသားများက ၎င်းတို့ကို တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ***အေပီ။***

၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်
ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

"အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကိုရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့"

"Stop AIDS. Keep the Promise."
"Avoid Stigma & Discrimination: Towards Universal Access."

✻ ကျောဖုံးမှ

အကာအကွယ်ယူနိုင်သဖြင့် အသက်အန္တရာယ်ဆုံးရှုံးမှု နည်းပါးကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့ကို စက်လှေဖြင့် လှည့်လည်ကြည့်ရှုသောအခါတွင် ရေမြေဒေသ အခြေအနေကို မျက်စိထဲ ပို၍ မြင်လာသည်။ မြို့တည်ရှိရာဘက်ကမ်းတွင် ရန်ကုန်-မော်လမြိုင်ကျွန်း ပြေးဆွဲသော ပုဂ္ဂလိကသင်္ဘောကြီးများ (လိုင်းကောင်များ) ဆိုက်ကပ်ရပ်နားကာ ကုန်တင်ရန် စောင့်ဆိုင်းနေကြသည်ကို တွေ့ရသည်။ မြို့တစ်ဖက်ကမ်းတွင် မီးခိုးခေါင်းတိုင်အမြင့်ကြီးများ ထိုးထိုးထောင်ထောင်နှင့် ဆန်စက်များကို အစီအရီတွေ့ရသည်။ ဆန်စပါးအထွက်နှုန်း ကောင်းမွန်၍ ဆန်စက်လုပ်ငန်းများ ဖြစ်ထွန်းခြင်းဖြစ်သည်။ ရာဇဒိုင်တံတားအမှတ်(၂) အောက်မှ စက်လှေ ဖြတ်သန်းလာသောအခါ ကမ်းဘေးဝဲ၊ ယာတွင် လမုတောကြီးများကို အုံ့အုံ့ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့ မျက်စိတစ်ဆုံး မြင်လာရသည်။

ရာဇဒိုင်တံတားအမှတ်(၁)အနီးတွင် စက်လှေဆိုက်ကပ်၍ တံတားပေါ်မှ ခြေကျင်ဖြတ်သန်းကြည့်ရှုကာ မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးဖြစ်သည်။ ရာဇဒိုင်တံတားအမှတ်(၁)ပေါ်မှ ရန်ကုန်-မော်လမြိုင်ကျွန်း မှန်လုံအမြန်ယာဉ်တစ်စီး ဖြတ်သန်းလျက်ရှိရာ တံတားကြီးဖြစ်ထွန်းလာမှု၏ အသီးအပွင့်ကို ဒေသခံပြည်သူများ ခံစားနေရခြင်းပင် ဖြစ်ပေသည်။

ရာဇဒိုင်တံတား အမှတ်(၁)မှ အပြန်ခရီး၌ စက်လှေပေါ်တွင် စာရေးကြီး ဦးခင်မောင်ညိုအား ဒေသနှင့် ပတ်သက်၍ သိလိုသမျှကို မေးလာမိသည်။

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

"ကျွန်တော်တို့ အောက်ပြည်အောက်ရွာမှာတော့ ရာဇဒိုင်ငါးသလောက်က နာမည်ကြီးတယ်။ အခုအချိန်မှာတော့ ရာဇဒိုင်ငါးသလောက်မရနိုင်ဘူး။ ရရင်တောင် တစ်ပိဿာကို တစ်သောင်းကျော်ဈေးလောက်တော့ အနည်းဆုံးပေးရမယ်။ မော်လမြိုင်ကျွန်းကအပြန် လက်ဆောင်ဝယ်သွားချင်ရင်တော့ ပုလဲပုစွန် (မော်ကျွန်း) ပုစွန်မုန့်က နာမည်ကြီးတယ်။ မော်လမြိုင်ကျွန်းက မြစ်ချောင်းတွေ ပတ်လည်ဝိုင်းနေပေမယ့် ငါး၊ ပုစွန် ထင်သလောက် မပေါဘူးဆရာ၊ စားသောက်ဆိုင်တွေက ငါးနဲ့ ပုစွန်တွေ လိုအပ်ရင် ဘိုကလေးမြို့ကို လှမ်းမှာရတယ်" ဟု စာရေးကြီး ဦးခင်မောင်ညိုက စက်လှေပေါ်မှာ ရှင်းပြလေသည်။

မော်လမြိုင်ကျွန်းမြို့ တည်စက ယခု မြို့တည်နေရာသည် ရာဇဒိုင်မြစ်နှင့် တုံးလှဲမြစ်တို့တွေ့ဆုံရာ သန်လျက်ခုံပမာဖြစ်ပြီး သစ်ပင်ပန်းမန်တို့ဖြင့် လွှမ်းခြုံအုံ့မှိုင်းလျက် ကြည်နူးစရာကောင်းလှသဖြင့် ဘုရားအလောင်း ဥဒေါင်းမင်းတို့ စံပျော်ရာ မောရမြိုင်နှင့် အလားသဏ္ဌာန်တူသည့်ကျွန်းဟု တင်စားကာ 'မော်ရမြိုင်

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်စိုး မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှု အခြေအနေကို ရှင်းလင်းပြောကြားစဉ်။

ကျွန်း' ဟုခေါ်တွင်ခဲ့ရာမှ ကာလရွေ့လျားလာသောအခါ 'မော်လမြိုင်ကျွန်း' ဟု ဖြစ်တည်လာကြောင်းလည်း ရှေးစကားဟောင်းအရ သိရှိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ရာဇဒိုင်မြစ်၊ ကွဲခြံမြစ်၊ ဧရာဝတီမြစ်၊ စော်ကဲမြစ်၊ တုံးလှဲမြစ်နှင့် အနန်းချောင်းတို့ ဖြတ်သန်းစီးဆင်းနေ၍ ကျွန်းမြို့သဖွယ် တည်ရှိနေခြင်းဖြစ်သည်။ မြို့နယ်အတွင်း သဘာဝပေါက်ပင်များအဖြစ် လမု၊ ဓနိ၊ ကုက္ကို၊ ပျဉ်းမ၊ ညောင်လန်း၊ သင်နှင့် အခြားအလေ့ကျအပင်များ ပေါက်ရောက်ပြီး အုန်း၊ ကွမ်းသီး၊ ငှက်ပျောနှင့် ကွမ်းတို့ကို အများဆုံး စိုက်ပျိုးကြသည်။

မော်လမြိုင်ကျွန်းမြို့နယ်သည် မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်သည်။ အဓိက စပါးမျိုးများအနက် ဒေသမျိုးဖြစ်သော နှံကားမှာ တစ်ဧကတင်း ၆၀ နှုန်းထွက်သည်။ ဆင်းသွယ်လတ်တစ်ဧကပျမ်းမျှတင်း ၉၀၊ နွေစပါးသီးထပ်ရင် တစ်ဧက ပျမ်းမျှ တင်း ၁၀၀ ထွက်ရှိကြောင်း သိရသည်။

မိုးစပါး အောင်ရေရရှိရေးအတွက် အခက်အခဲများ ပေါ်ပေါက်လာပါက နွေစပါးစိုက်ပျိုးစဉ်က တူးဖော်ထားသည့် မြောင်းမကြီးများနှင့် လက်တံမြောင်းများမှလည်းကောင်း၊ တောင်သူများ လက်ဝယ်ရှိသည့် ရေစုပ်စက်များဖြင့် လည်းကောင်း ရေရရှိရေး ဆောင်ရွက်သွားရန် အစီအမံများပြုလုပ်ထားသည်။ မော်လမြိုင်ကျွန်းမြို့နယ်တွင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်၌ မိုးစပါး ၂၂၁၇၄၂ ဧက၊ နွေစပါး ၉၀၀၇၈ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။ မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆန်စက်ကြီး ၃၂ လုံး၊ ငါးပုံဟာလာစက် ၁၃၉ လုံး၊ ဆီစက်နှစ်လုံးရှိပြီး ရန်ကုန်မြို့ အပါအဝင် အခြားမြို့များသို့ ဆန်တင်ပို့မှုများပြုသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း မြို့ချင်းဆက်လမ်းများအဖြစ် မော်လမြိုင်ကျွန်း-မအူပင် (ဝဲဒေါင့်ကျေးရွာအထိ) ကျောက်ခင်းလမ်း ၁၆ မိုင်၊ မော်လမြိုင်ကျွန်း-ဘိုကလေး (ဖိုးသာအေးကျေးရွာအထိ)ကျောက်ခင်းလမ်း လေးမိုင် ငါးဖာလုံ၊ မော်လမြိုင်ကျွန်း-ကျုံမငေး (ထီတိုလိုကျေးရွာအထိ) ကျောက်ခင်းလမ်း ငါးမိုင် ခြောက်ဖာလုံ၊ မော်လမြိုင်ကျွန်း-ကျိုက်လတ် (ထိန်ကုလားကျေးရွာအထိ) ကျောက်ခင်းလမ်း ကိုးမိုင် သုံးဖာလုံတို့ဖြစ်သည်။ မော်လမြိုင်ကျွန်း မြို့နယ်အတွင်း ပေ ၁၈၀ အထက် တံတားများအဖြစ် ကျိုက်ပိတံတား ပေ ၂၃၀၊ ရာဇဒိုင်တံတားအမှတ်(၁) ၁၈၃၅ပေနှင့် ရာဇဒိုင်တံတား အမှတ်(၂) ပေ ၅၄၀ တို့ရှိပြီး ပေ၁၈၀အောက်တံတား ၁၇ စင်းရှိသည်။

မော်လမြိုင်ကျွန်းမြို့နယ်သည် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည့်နည်းတူ တယ်လီဖုန်းဆက်သွယ်ရေး လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့ရသည်။ မော်လမြိုင်ကျွန်းမြို့နယ်တွင် စာတိုက်တစ်ခု၊ ကြေးနန်းရုံး တစ်ရုံး၊ တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်း

မော်လမြိုင်ကျွန်းမြို့နယ် ကြောင်ထောက်ကျေးရွာ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်း၏ ကျောင်းဆောင်သစ်နှင့် တွဲလျက်တည်ဆောက်ထားသော ဂါလန် ၅၀၀၀ ဆံ့ မိုးရေလှောင်ကန်ကို တွေ့ရစဉ်။

တစ်ခုရှိပြီး အော်တိုတယ်လီဖုန်းအလုံး ၇၀၀၊ CDMA ကမ်းရိုးတန်းဖုန်း ၃၉၆လုံး၊ Prepaid Local Mobile ဖုန်းအလုံး ၄၀၀ တပ်ဆင်အသုံးပြုလျက်ရှိသည်။

မော်လမြိုင်ကျွန်းမြို့နယ် အတွင်း ပညာရေးကဏ္ဍအနေဖြင့် အခြေခံပညာ အထက်တန်းကျောင်း လေးကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း ငါးကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ လေးကျောင်း၊ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်း ၁၄ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၉၂ ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်းခွဲ ခြောက်ကျောင်း၊ တွဲဖက်အခြေခံပညာ မူလတန်းကျောင်း ၃၀၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ၆၄ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၃၂ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

မော်လမြိုင်ကျွန်းမြို့နယ် အတွင်း ကျန်းမာရေးကဏ္ဍအနေဖြင့် မြို့နယ်ပြည်သူ့ဆေးရုံး နှစ်ရုံ၊ တိုက်နယ်ပြည်သူ့ဆေးရုံ တစ်ရုံ၊ ကျေးလက်ဆေးပေးခန်း ၄၄ ခု၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာနတစ်ခု၊ တိုင်းရင်းဆေးကုဌာနတစ်ခုနှင့် ပုဂ္ဂလိကဆေးကုခန်း ၁၆ ခုတို့ ဖွင့်လှစ်ထားရှိသည်။

မော်လမြိုင်ကျွန်းမြို့ တည်ချောင်းကျေးရွာအုပ်စု ဂျုံးဂျုံးကျကျေးရွာ၌ TZTM ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသော ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးသည်လည်း မကြာမီ ဖွင့်လှစ်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။ မော်လမြိုင်ကျွန်းမြို့ ခုတင် ၁၀၀ဆံ့ပြည်သူ့ဆေးရုံသစ်သည် RC တစ်ထပ်အမျိုးအစားဖြစ်ပြီး မြေဧရိယာ အလျား ၁၁၇၈ပေ၊ အနံ ၉၂၄ပေ စုစုပေါင်း စတုရန်းပေ ၅၇၂၀၀ ကျယ်ဝန်းပြီး လူနာဆောင် လေးဆောင်ပါဝင်သည်။

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ မြို့နယ်အမှုဆောင်အရာရှိ ဦးသက်အောင်နှင့်အင်ဂျင်နီယာမှူး ဦးအောင်စိုးတို့အား တွေ့ဆုံဖြစ်ခဲ့ရာ မော်လမြိုင်ကျွန်းမြို့နယ်အတွင်း နာဂစ်မုန်တိုင်းမတိုက်ခတ်မီက မြေသားကန် ၅၃ ကန်၊ မိုးရေလှောင်ကန် ၆၉ ကန်နှင့် အဝီစိတွင် ၄၀ ရှိခဲ့ရာမှ နာဂစ်မုန်တိုင်း တိုက်ခတ်ပြီး နောက်ပိုင်း၌ သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ခဲ့ရာ ယခုအခါ မြေသားကန် ၁၂၂ ကန်၊ မိုးရေလှောင်ကန် ၂၅၆ ကန်နှင့် အဝီစိတွင်း ၁၁၅ တွင်းအထိရှိလာပြီဖြစ်သည်။ ထို့အပြင် မြို့ပြသာယာလှပရေးအတွက် အမှိုက်သိမ်းဆည်းမှုနှင့် အမှိုက်စွန့်ပစ်မှုစနစ်တကျရှိရေး၊ မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေး၊ ဈေးများ အတွင်းအပြင် သန့်ရှင်းရေး၊ မြို့တွင်းလမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲ၊ယာ တစ်လျှောက် မီးဆိုင်းတပ်ဆင်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ နာဂစ်မုန်တိုင်း မတိုက်ခတ်မီ အခြေအနေထက်ပင် သန့်ရှင်းသပ်ရပ် သစ်လွင်လန်းဆန်းလျက်ရှိသည်။

နာဂစ်မုန်တိုင်းဒဏ် ခံစားခဲ့ရသော မော်လမြိုင်ကျွန်းမြို့သည် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုအခါနာဂစ်၏ဒဏ်ရာဒဏ်ချက်များ ကင်းစင်လွင့်ပျောက်ကာ ဒေသခံပြည်သူများ ဘဝအနေမြင့်၍ အခြေတင့်လျက်ရှိပါကြောင်းတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်မြို့နှင့် မော်လမြိုင်ကျွန်းမြို့တို့ကို ကားလမ်းတောက်လျှောက်သွားနိုင်ရေးအတွက် အဓိကကျသော ရာဇဒိုင်တံတားအမှတ်(၁)ကို တွေ့ရစဉ်။

ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းကြပါ

ယနေ့ကာလတွင် ကမ္ဘာသူကမ္ဘာသားတို့၏ကျန်းမာရေးကို ခြိမ်းခြောက်ထိခိုက်နေကာ လူမှုရေး၊ စီးပွားရေး နောက်ဆက်တွဲအကျိုးဆက်များစွာ ဖြစ်ပေါ်စေကာ လူတစ်ဦးချင်း၊ မိသားစုတစ်ခုချင်းသာမက နိုင်ငံအတိုင်းအတာအထိပါ ဆင်းရဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးထိခိုက်စေသော ရောဂါများတွင် ဆီးချိုသွေးချိုရောဂါသည် ထိပ်တန်းမှ ပါဝင်လျက်ရှိသည်။

ဆီးချိုသွေးချိုရောဂါဆိုသည်မှာ ခန္ဓာကိုယ်အတွင်း ဇီဝကမ္မ ဖြစ်စဉ်ချို့ယွင်း၍ ဖြစ်ပေါ်လာရသော ရောဂါအစုအဝေးတစ်ခုဖြစ်ပါသည်။ ခန္ဓာကိုယ်အတွင်း ပန်ကရိယခေါ် အကျိတ်မှ အင်ဆူလင်ဟော်မုန်းဓာတ်ကို လုံလောက်အောင် မထုတ်လုပ်ပေးနိုင်၍ လည်းကောင်း၊ ထွက်ရှိသည့် အင်ဆူလင်ဟော်မုန်း၏ အာနိသင်များ အပြည့်အဝမပြနိုင်အောင် ဆန့်ကျင်နေသော အကြောင်းအချက်များ ဖြစ်ပေါ်လာ၍လည်းကောင်း ဖြစ်ပေါ်လာရသော ရောဂါအစုအဝေးတစ်ခုဖြစ်ပါသည်။ အင်ဆူလင်ဟော်မုန်းဓာတ်က ခန္ဓာကိုယ်တွင်း သွေးချိုဓာတ်များ မများပြားဘဲ ရှိသင့်သည့်ပမာဏသာ ရှိနေရအောင် ထိန်းပေးသော အဓိကအရေးကြီးသည့် ဟော်မုန်းတစ်ခု ဖြစ်ပါသည်။ ၎င်းဟော်မုန်းကို ကနေဒါနိုင်ငံသား ဖရက်ဒရစ်ဘင်တင်နှင့် ချားလ်ဘတ်စ်တို့က ၁၉၂၁ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ကြသည်။

ယခုအခါ ကမ္ဘာပေါ်တွင် ဆီးချိုသွေးချိုရောဂါရှင်ပေါင်း သန်းပေါင်း ၂၈၅ သန်းရှိနေပြီဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါအဖွဲ့ကြီးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးတို့၏ စာရင်းဇယားများအရ သိရှိရသည်။ ထိရောက်သော ကာကွယ်ရေးနည်းလမ်းများကို ကမ္ဘာနှင့်အဝန်းကျင့်သုံးနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိပါလျှင် နောင်အနှစ် ၂၀ ကာလ ခရစ်နှစ်၂၀၃၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး၌ ဆီးချိုသွေးချိုရောဂါရှင်ပေါင်း ၄၃၈ သန်းအထိ တိုးပွားဖြစ်ပေါ်လာမည်ဟု ခန့်မှန်းတွက်ချက်ထားသည်။ ကမ္ဘာနှင့်အဝန်း ဖြစ်ပေါ်နေသော ဆီးချိုသွေးချိုရောဂါ၏ ဖြစ်ပွားနှုန်းမှာ လွန်စွာစိုးရိမ်ဖွယ်ကောင်းနေပါသည်။ နောင်လာမည့် အနှစ် ၂၀ အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသော ဒေသကြီးခြောက်ခုအနက် အရှေ့တောင်အာရှဒေသသည် ကမ္ဘာပေါ်တွင် ဆီးချိုသွေးချိုရောဂါ အဖြစ်အများဆုံး ဒေသကြီးတစ်ခု ဖြစ်နေသည်။

မြန်မာနိုင်ငံတွင်လည်း ဆီးချိုသွေးချိုရောဂါဖြစ်နှုန်းသည် ပျံ့နှံ့မှုမြင့်မားစွာ ဖြစ်ပွားလျက်ရှိနေသည်။ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးစီမံချက်၏ သုတေသန ပြုချက်များအပေါ် မူတည်တွက်ချက်မှုများအရ တစ်ပြည်လုံးတွင် ဆီးချိုသွေးချိုရောဂါဖြစ်ပွားနှုန်း ခြောက်ရာခိုင်နှုန်း ရှိနေပါသည်။ လူကြီး ၁၀၀ တွင် ခြောက်ယောက်နှုန်းထားဖြင့် ဆီးချိုသွေးချိုရောဂါဖြစ်ပွားနေပြီး နောက်ထပ် အဆတူ ခြောက်ယောက်သောသူတို့သည် ဆီးချိုသွေးချိုရောဂါဖြစ်ရန် စိုင်းပြင်းနေသည့် အဆင့်တွင်ရှိကြောင်း တွေ့ရှိထားသည်။ ကျေးလက်ဒေသနေလူထုနှင့် မြို့ပြနေလူထု၏ ဆီးချိုသွေးချိုရောဂါဖြစ်ပွားနှုန်းသည် နှစ်ဆကွာခြားသည်။ ကျန်းမာရေးနှင့် ညီညွတ်မှုနည်းပါးသည့် လူ့ဘဝ ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများသည် ကျေးလက်နေလူထုထက် နှစ်ဆခန့်ပိုမို၍ ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားနေကြောင်း တွေ့ရှိခဲ့ရသည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်နေ့တွင် ကုလသမဂ္ဂညီလာခံကြီးမှ ဆီးချိုသွေးချိုရောဂါသည် မိသားစုများ၊ နိုင်ငံများနှင့် တစ်ကမ္ဘာလုံးအား ခြိမ်းခြောက်နေသော ရောဂါဆိုးကြီးတစ်ခုအဖြစ် တရားဝင်အသိအမှတ်ပြုသတ်မှတ်ခဲ့ပြီး သမိုင်းဝင်ဆုံးဖြတ်ချက်အမှတ် (၆၁/၂၂၅)ကို ချမှတ်ခဲ့ပါသည်။

ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အမှတ်(၆၁/၂၂၅) အရ ဆီးချိုသွေးချိုရောဂါကို ကမ္ဘာ့ကပ်ရောဂါကြီးတစ်ခုအဖြစ် အသိအမှတ်ပြုသတ်မှတ်ခဲ့ကာ ၎င်းရောဂါဆိုးကြီးအား ကာကွယ်တိုက်ဖျက်ရေးတွင် ကမ္ဘာ့နိုင်ငံအားလုံးက ဆီးချိုသွေးချိုရောဂါဆိုင်ရာ အမျိုးသားရေးမူဝါဒများ ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် အားပေးတိုက်တွန်းထားသည်။ ဆီးချိုသွေးချိုရောဂါကာကွယ်ရေးကို ကမ္ဘာ့နိုင်ငံများအားလုံးက အရေးပေးအကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းအားဖြင့် ကုလသမဂ္ဂကြီး၏ ဆီးချိုသွေးချိုရောဂါကို ကာကွယ်ထိန်းသိမ်းရေးအတွက် သန္နိဋ္ဌာန်ချထားမှုအပေါ် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရာလည်းရောက်ပါသည်။

ဆီးချိုသွေးချိုရောဂါဆိုသည်မှာ သွေးအတွင်း အချိုဓာတ်ခေါ် ဂလူးကို့စ်ဓာတ်များ ကာလရှည်ကြာစွာ များပြားနေပြီး သွေးကြောများကို ထိခိုက်ပျက်စီးစေခြင်းအားဖြင့် မျက်စိ၊ ဦးနှောက်၊ နှလုံး၊ သွေးကြောများနှင့် ကျောက်ကပ်များကို ထိခိုက်ပျက်စီးစေသော နာတာရှည်ရောဂါတစ်ခုဖြစ်သည်။ လူ့ခန္ဓာကိုယ်၏ ဝမ်းဗိုက်အတွင်းရှိ ပန်ကရိယခေါ် အကျိတ်မှ အင်ဆူလင်ဟော်မုန်းဓာတ် လုံလောက်စွာ မထုတ်ပေးနိုင်၍ဖြစ်စေ၊ ၎င်းအင်ဆူလင်ဟော်မုန်းဓာတ်၏ အကျိုးအာနိသင်များ အပြည့်အဝ အသုံးမချနိုင်ရအောင် ဆန့်ကျင်မှုအကြောင်းအချက်များ ဖြစ်ပေါ်လာ၍ဖြစ်စေ ဤရောဂါဖြစ်ပေါ်လာရသည်။

ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်
(စီမံချက်မန်နေဂျာ)

အဓိကအားဖြင့် အမျိုးအစား ၁ နှင့် အမျိုးအစား ၂ ဆီးချိုသွေးချိုရောဂါနှစ်မျိုးရှိသည်။ ခန္ဓာကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီး၍ဖြစ်စေ၊ ဆေးဝါးများကြောင့် ဖြစ်ပေါ်လာရသော ဆီးချိုသွေးချိုရောဂါအမျိုးအစားနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလတွင်မှ စတင်ဖြစ်ပေါ်လာရသော ဆီးချိုသွေးချိုရောဂါများလည်း ရှိပါသေးသည်။ သို့ရာတွင် ဆီးချိုသွေးချိုရောဂါရှင်အားလုံး၏ ၉၅ရာခိုင်နှုန်းမှာ အမျိုးအစား ၂ ဆီးချိုသွေးချိုရောဂါရှင်များ ဖြစ်ကြသဖြင့် လူထုအတွက် အရေးကြီးသည်မှာ အမျိုးအစား ၂ ဆီးချိုသွေးချိုရောဂါပင် ဖြစ်သည်။

ကမ္ဘာတွင် အဖြစ်အများဆုံး အမျိုးအစား၂ ဆီးချိုသွေးချိုရောဂါ ပိုမိုအဖြစ်များစေသော၊ အန္တရာယ်ပိုဖြစ်စေသော အကြောင်းအချက်များ ရှိပါသည်။ ၎င်းအကြောင်းအချက်များကို သိရှိထားကြခြင်းဖြင့် ဆီးချိုသွေးချိုရောဂါ မဖြစ်ပေါ်လာရေးအတွက် ဦးစားပေး၍ တစိုက်မတ်မတ် ကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။ ၎င်းအန္တရာယ်များသော အကြောင်းအချက်များ မရှိသေးသောသူများအနေဖြင့်လည်း ဤအကြောင်းအချက်များမရှိသေးလင့်ကစား လူတိုင်း ဆီးချိုသွေးချိုရောဂါ ဖြစ်လာနိုင်သည်။ မိမိတို့တွင် ထိုအကြောင်းအချက်များ မဖြစ်ပေါ်လာစေရေးနှင့် ဆီးချိုသွေးချိုရောဂါ မဖြစ်ပေါ်လာစေရေးအတွက် သတိထားနေထိုင်စားသောက်ကြရန် လိုအပ်ပါသည်။ ထိုဆီးချိုသွေးချို ရောဂါ ဖြစ်စေသော အကြောင်းအချက်များမှာ -

- ✱ ဆီးချိုသွေးချိုရောဂါ မျိုးရိုးရှိခြင်း
- ✱ အဝလွန်ကဲခြင်း
- ✱ ကိုယ်လက်လှုပ်ရှားမှု နည်းပါးလွန်းခြင်း
- ✱ သွေးချိုရောဂါမဖြစ်မီ တစ်ဆင့် သွေးချိုဓာတ်များ များပြားနေခြင်း
- ✱ သွေးတိုးရောဂါဖြစ်နေခြင်း
- ✱ သွေးတွင်းအဆီများသည့်ရောဂါဖြစ်နေခြင်း
- ✱ ကိုယ်ဝန်ဆောင်စဉ်ကာလတွင် ပထမဆုံး ဆီးချိုသွေးချိုရောဂါ ဖြစ်ခဲ့ဖူးခြင်းများ ပါဝင်ကြသည်။

ထို့အပြင် အသက်အရွယ်ကြီးမြင့်လာခြင်းနှင့် အချို့သော လူမျိုးနွယ်ဝင်များ ဥပမာ- အိန္ဒိယလူမျိုးများ သည်လည်း ဆီးချိုသွေးချိုရောဂါ ပိုဖြစ်နိုင်ခြေရှိသည့် အကြောင်းအချက်များဖြစ်ကြသည်။

အရေးကြီးသည်မှာ အထက်ပါအကြောင်းအချက်များရှိလျှင် ဆီးချိုသွေးချိုရောဂါ ပို၍ဖြစ်နိုင်ခြေရှိပါသည်။ သို့လင့်ကစား ၎င်းအကြောင်းအချက်များ မရှိလျှင်လည်း အသက်အရွယ်ကြီးမြင့်လာသူတိုင်းသည် ဆီးချိုသွေးချိုရောဂါဖြစ်နိုင်သည်။ "လူတိုင်းသည် ဆီးချိုသွေးချို ရောဂါဖြစ်လာနိုင်သည်" ဟုလက်ခံထားပြီး ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေးနည်းလမ်းများ လိုက်နာဆောင်ရွက်ကြရန်မှာ လူတိုင်းအတွက် အရေးကြီးသည့် ကိစ္စတစ်ရပ်အဖြစ် ခံယူထားကြရန် လိုအပ်ပါသည်။

ဆီးချိုသွေးချိုရောဂါရှိနေပြီးသူများသည်လည်း စိတ်ဓာတ်ကျစရာမလိုသလို၊ ပေါ့ပေါ့ဆဆ ဂရုမစိုက်ဘဲ နေထိုင်ခြင်းလည်း မရှိကြဘဲ တတ်ကျွမ်းနားလည်သူ ဆရာဝန်များနှင့် စနစ်တကျ ပြသစစ်ဆေးကြပြီး ကုသမှုကို တိတိကျကျလိုက်နာ ခံယူကြဖို့ လိုအပ်ပါသည်။ ရပ်ကွက်ထဲမှ လူအချင်းချင်း၊ လူနာအချင်းချင်းကဖြစ်စေ၊ ကြော်ငြာများအရဖြစ်စေ၊ ရောဂါပျောက်သည်ဆိုသော ဆေးမြီးတိုများ၊ သစ်မြစ်သစ်ဖုများဖြင့် လက်တည့်စမ်းကုသခံယူခြင်းမပြုကြရန် လိုအပ်သည်။ နောက်ဆက်တွဲ ဆင့်ပွားရောဂါများ စတင်ဖြစ်ပွားခြင်း ရှိ၊ မရှိကိုလည်း ပုံမှန်စစ်ဆေး စောင့်ကြည့်နေကြပြီး မှန်မှန်ကန်ကန် ကုသမှုခံယူကြဖို့ လိုအပ်ပါသည်။

လူတိုင်း လူတိုင်းသည် ဆီးချိုသွေးချိုရောဂါကာကွယ်ရေးသည် မိမိနှင့်သက်ဆိုင်သည်ဟုခံယူကြကာ အောက်ပါအချက်များကို လိုက်နာကျင့်ကြံနေထိုင်သွားကြရန် လိုအပ်ပါသည်-

- ✱ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသောအစားအသောက်များကို လျှော့စားရန်၊ ဖြစ်နိုင်လျှင် ရှောင်ကြဉ်ကြရန်။
- ✱ ပြည့်ဝဆီများဖြစ်သော တိရစ္ဆာန်ဆီများ၊ စားအုန်းဆီများကို လျှော့၍စားသုံးကြရန်၊ ဖြစ်နိုင်လျှင် ရှောင်ကြဉ်ကြရန်။
- ✱ အမျှင်ဓာတ်များသော ဟင်းသီးဟင်းရွက်နှင့် မချိုလွန်းသော သစ်သီးများစားသုံးကြရန်။
- ✱ ရေဆာလျှင် ရေသောက်ခြင်းဖြင့် ရေငတ်ပြေကြရန်။
- ✱ နေ့စဉ်နေထိုင်မှုဘဝကို ကိုယ်လက်လှုပ်ရှားမှုများများဖြင့် သွက်သွက်လက်လက် တက်တက်ကြွကြွ လှုပ်ရှားနေထိုင်ကြရန်။
- ✱ နေ့စဉ်နားနေချိန်များတွင် သတ်သတ်မှတ်မှတ် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ကြရန်။
- ✱ စိတ်ဖိစီးမှုများကို အတတ်နိုင်ဆုံး နည်းနိုင်သမျှနည်းအောင် ကျင့်ကြံနေထိုင်သွားကြရန်။

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက် ထမြောက်အောင်မြင်ရအောင် လူနာများ၊ လူနာရှင်မိသားစုများ၊ ပြည်သူလူထုကအစ နိုင်ငံတော်အထိ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ဆီးချိုသွေးချိုရောဂါကြောင့် အသက်သေဆုံးရခြင်း၊ လူစဉ်မမီဖြစ်ရခြင်း၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျရခြင်း၊ ဘေးအန္တရာယ်ဆိုးကျိုးများမှ ကင်းဝေးကြရန် "ဆီးချိုသွေးချို ထိန်းသိမ်းဖို့ ယခုကပင်စကြစို့"ဟု ဆော်ဩရင်း နိဂုံးချုပ်အပ်ပါသည်။ ။

အလက(၂)သာကေတ မြှတ်ဆရာပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း သရဖီခန်းမ၌ ၁၉၆၈-၆၉ မှ ၁၉၇၈-၇၉ ပညာသင်နှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ တတိယအကြိမ်မြောက် မြှတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ပညာသင်နှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးအောင်ကျော်မင်း ဖုန်း-၇၃၀၃၄၄၉၂၊ ဦးတင်စိုး ဖုန်း-၄၅၀၀၀၃၊ ဦးကျော်မြင့် ဖုန်း-၇၃၀၁၁၂၅၃၊ ဦးမောင်ချို ဖုန်း-၀၉-၅၀၅၈၀၂၈၊ ဦးချစ်ရီ ဖုန်း-၇၃၀၁၅၃၇၉၊ ဒေါက်တာခင်မောင်ဦး ဖုန်း-၀၉-၅၀၁၃၅၀၁၊ ဦးဟန်ထွန်း ဖုန်း-၇၂၁၁၈၅၊ ဦးတင်ထွဋ် ဖုန်း-၇၃၀၆၅၉၇၈၊ ဗိုလ်ကြီးကိုလေး(ငြိမ်း)ဖုန်း-၀၉-၅၁၈၄၄၉၃၊ ဒေါ်အေးအေးမြင့် ဖုန်း-၀၉-၈၅၈၆၂၉၅၊ ဒေါ်ယဉ်ယဉ်အေး ဖုန်း-၀၉-၅၀၉၈၉၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၃)

ရေဦး အထက(ခွဲ)
ရွှေရတနာနှစ်ထပ်ကျောင်းဆောင်ဖွင့်

ရေဦး နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာဗုကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)နှင့် ရွှေရတနာနှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ရက် နံနက် ၁၁ နာရီက ရွာဗုကြီး အထက(ခွဲ)ကျောင်းတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုးထွန်း၊ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်၊ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌတို့က ရွာဗုကြီးအထက(ခွဲ)ကျောင်း ဆိုင်းဘုတ်နှင့် ရွှေရတနာနှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရွှေရတနာနှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံပေ၃၀၊ အမြင့်ပေ၂၀ ရှိပြီး နိုင်ငံတော်မှ ခွင့်ပြုငွေကျပ် ၂၂၂ သိန်း၊ ပြည်သူများက လှူဒါန်းငွေကျပ် ၃၅၁ သိန်း စုစုပေါင်း ငွေကျပ် ၅၇၃သိန်းဖြင့် ဆောက်လုပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၉၀)

နှစ်ဖက်မိဘများအား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းနေ ဒေါ်သီရိဝေလာ မိသားစုက ကျောက်တန်းဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးထွန်းလှရွှေ လက်ခံယူစဉ်။ (၇၄)

မြန်မာ့စစ်ရေးသမိုင်းဝင် ကိုယ်တွေ့ ကွမ်းလုံရက်ပေါင်းလေးဆယ် တိုက်ပွဲစဉ် စာအုပ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၆

စာရေးဆရာလှသောင်း၏ "မြန်မာ့စစ်ရေးသမိုင်းဝင် ကိုယ်တွေ့-ကွမ်းလုံရက်ပေါင်းလေးဆယ်တိုက်ပွဲစဉ်" (ခြေမြန်၁၀၅အတွေ့အကြုံများ) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယင်းစာအုပ်သည် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) အသွင်ယူ၍ သံလွင်မြစ်အရှေ့ခြမ်းတစ်ခုလုံးကို လွတ်မြောက်ဒေသအဖြစ် သိမ်းပိုက်ကြေညာရန် ရည်ရွယ်လုပ်ဆောင်ခဲ့သော ပြည်ပရန်စွယ်အား မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသခံကာကွယ်ရေးအဖွဲ့နှင့် ဒေသခံပြည်သူများက အသက်၊ သွေး၊ ချွေးပေးဆပ်၍ ခုခံတွန်းလှန်ခဲ့ပုံများကို ထိုစဉ်က တိုက်ပွဲဝင်ခဲ့ကြသော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများအား တွေ့ဆုံမေးမြန်း၍ စာရေးဆရာ လှသောင်းက စုစည်းတင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

၁၉၇၁ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ ရက်ပေါင်းလေးဆယ်တိုင်တိုင် အမြောက်သံ၊ ဗုံးသံ၊ သေနတ်သံမစဲဖြစ်ပွားခဲ့သည့် အဆိုပါတိုက်ပွဲစဉ်တွင် တိုက်ပွဲပေါင်း ၂၀ ဖြစ်ပွားခဲ့သည့်အနက် အဆုံးအဖြတ်တိုက်ပွဲဖြစ်သည့် ဟိုက်ကမ်းဘား တန်ပြန်တိုက်စစ်တွင် အမှတ်(၁၀၅)ခြေမြန်တပ်ရင်းမှ အထူးတပ်ဖွဲ့အား ကွမ်းလုံရှိ အမြောက်တပ်ဖွဲ့က ဗျူဟာမြောက် ကျွမ်းကျင်ပိုင်နိုင်စွာ ပစ်ခတ်ပေးမှုကြောင့် ရန်သူဗကပများသည် အကြီးအကျယ်အထိနာပြီး အကျအရှုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးခဲ့ကြပုံကို စာရေးသူက အသေးစိတ် စုစည်းတင်ပြထားကြောင်း သိရသည်။

မိမိတိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးသူတိုင်း သင်ခန်းစာယူနိုင်ရန်နှင့် တိုက်ပွဲစာစဉ်များကို စိတ်ဝင်စားသူတိုင်း ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ အဆိုပါစာအုပ်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၈)လမ်း အမှတ်(၁၈၈)ရှိ ပြည်မြန်မာစာအုပ်တိုက် ဖုန်း-၃၈၄၂၁၉ မှ ဖြန့်ချိပြီး စာအုပ်တန်ဖိုးမှာ ငွေကျပ် ၅၅၀၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပခဲ့သည့် သတ္တမအကြိမ် မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၂၅ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

သတ္တမအကြိမ် မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr.Nguyen Thi Xuan Thu တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး အစည်းအဝေးတွင် နှစ်နိုင်ငံ ပြည်တွင်း ဖြစ်ပေါ်တိုးတက်မှုများ၊ နှစ်နိုင်ငံဆက်ဆံရေးအခြေအနေ၊ ကုန်သွယ်ရေး၊ စက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးနှင့် ဘဏ္ဍာရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ယဉ်ကျေးမှု၊ အားကစား၊ ခရီးသွားလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ သစ်တော၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာမြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်မောင်စိုးလည်း မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် တက်ရောက်ခဲ့သည်။

သတ္တမအကြိမ် မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးမကျင်းပမီ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို ယင်းနေ့နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

ညပိုင်းတွင် ဗီယက်နမ်လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr. Nguyen Thi Xuan Thu က မြန်မာကိုယ်စားလှယ်အဖွဲ့အား Bao Son ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

သတ္တမအကြိမ် မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပပြီး သတ္တမအကြိမ် မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး၏ သဘောတူညီချက်မှတ်တမ်းကို နှစ်ဖက်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် နံနက် ၉ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်ပြီး ဗီယက်နမ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Dao Viet Trung အားတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့သည်။ အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာသံအမတ်ကြီး ဦးခင်မောင်စိုးလည်းတက်ရောက်သည်။

ဒုတိယဝန်ကြီးသည် ဟန္နိုင်းမြို့၌ရှိစဉ် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် သံအမတ်ကြီး ဦးခင်မောင်စိုး လိုက်ပါလျက် Research Institute for Aquaculture No.1 သို့သွားရောက်၍ ငါးမွေးမြူရေး သုတေသနလုပ်ငန်းများကို ကြည့်ရှုလေ့လာခဲ့သည်။

နိုဝင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ဟန္နိုင်းမြို့ရှိ မြန်မာသံရုံးသို့ သွားရောက်၍ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများအားတွေ့ဆုံပြီး အမှာစကားပြောကြားခဲ့သည်။ နိုဝင်ဘာ ၂၄ ရက်တွင် သံအမတ်ကြီး လိုက်ပါလျက် Ha Long Bay ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို လည်းကောင်း၊ နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် Hai Phong မြို့သို့ ဆက်လက်ထွက်ခွာ၍ ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့် ငါးထုတ်လုပ်ရေးစက်ရုံသို့ လည်းကောင်း သွားရောက်လေ့လာခဲ့ကြပြီး ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ဟန္နိုင်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတ္တမအကြိမ် မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

(သတင်းစဉ်)

ဘူမိဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

၁၉၆၈-၆၉-၇၀ခုနှစ် ဘွဲ့ရ ဘူမိဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုပါက ဦးမြင့်ဝေ ဖုန်း-၆၄၁၁၉၂၊ ၆၄၁၉၅၀၊ ဦးသိန်းဝင်း ဖုန်း-၅၈၀၆၂၅၊ ၀၉-၅၁-၆၉၅၂၁၊ ဦးတင်ကျော်သန်း ဖုန်း-၅၇၁၀၂၈၊ ၀၉-၅၀၀၂၅၈၁ နှင့် ဦးတင့်နောင် ဖုန်း-၂၂၅၅၆၉၊ ၀၉-၂၀၀၅၆၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာဆီယံ-တရုတ် လူငယ်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ အမျိုးသားပြတိုက်လေ့လာ အမျိုးသားဇာတ်ရုံ၌ နိုင်ငံအလိုက် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ အာဆီယံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့၏ ဆွေးနွေးဖက်ဆက်ဆံရေး (၁၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် Cultural Trail From China to ASEAN ခေါင်းစဉ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ် လူငယ်ချစ်ကြည်ရေး စခန်းချပွဲသို့ တက်ရောက်လာကြသော လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Camp Director အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး ဒေါ်မြဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်) သို့ ရောက်ရှိကြရာ အမျိုးသားပြတိုက်(ရန်ကုန်) ညွှန်ကြားရေးမှူး ဦးသောင်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လူငယ်ကိုယ်စားလှယ် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်(ရန်ကုန်)ရှိ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ မင်းခမ်းမင်းနားပစ္စည်းများပြခန်း၊ တိုင်းရင်းသား ယဉ်ကျေးမှုပြခန်း၊ ဗုဒ္ဓဆင်းတုတော်များပြခန်း၊ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ်နှင့် တိုင်းကျိုးပြည်ပြုပြခန်း၊ မြန်မာပန်းချီခန်းမဆောင်၊ မြန်မာ့ရှေးဟောင်း အဆင်တန်ဆာ ရတနာပြခန်းနှင့် မြန်မာ့ရိုးရာပန်းဆယ်မျိုးပြခန်းတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် လူငယ်ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ တာဝန်ရှိသူ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အမျိုးသားဇာတ်ရုံ၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူလေးများက ပန်းအက၊ တစ်ပင်တိုင်အက၊ ဇော်ပြိုင်အက၊ နှစ်ပါးသွားအကနှင့် သင်္ကြန်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လူငယ်ကိုယ်စားလှယ်များက မိမိတို့နိုင်ငံအလိုက် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ဟသ်ာတမြို့ အထက(၁) (၃၅)ကြိမ်မြောက် (ကျောက်စိမ်းရတု) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

ဟသ်ာတမြို့ အထက(၁)၌ ပညာသင်ကြားပေးခဲ့ကြသည့် အသက် (၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား (၃၅)ကြိမ်မြောက် (ကျောက်စိမ်းရတု) အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ဟသ်ာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံကြရန်၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာတက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးမောင်မောင်အေး ဖုန်း-၀၄၄-၂၁၁၆၄၊ ဦးမောင်မောင် ဖုန်း-၀၄၄-၂၁၅၃၂၊ ဦးခိုင်ထွန်းအောင် ဖုန်း-၀၉-၄၉၂၃၄၇၂၉၊ ဒေါက်တာအောင်ဝင်းမောင် ဖုန်း-၀၉-၅၀၀၅၃၃၇၊ ဦးစိုးမြင့်(သီဟအလူမီနီယံ) ဖုန်း-၀၉-၈၅၈၁၆၁၃၊ ၅၄၀၁၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရန်ကုန်မြို့မှ လိုက်ပါကြမည့်သူများအတွက် မော်တော်ယာဉ်အခမဲ့ စီစဉ်ထားရာ ဒီဇင်ဘာ ၄ ရက် (စနေနေ့) နံနက် ၆ နာရီခွဲတွင် ဟသ်ာတအသင်းတိုက် အမှတ် (၁၈၄-၁၈၆) ၄၅လမ်း (အထက်)မှ ထွက်ခွာမည်ဖြစ်၍ ဟသ်ာတအသင်းရုံး ဖုန်း-၂၀၁၁၁၄၊ ၃၉၈၇၁၆နှင့် ဦးစိုးမြင့် ဖုန်း-၀၉-၈၅၈၁၆၁၃၊ ၅၄၀၁၄၁ တို့သို့ ကြိုတင်စာရင်းပေးနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၏ (၁၇)ကြိမ်မြောက် အသင်းသား စုံညီအစည်းအဝေးကို နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ သစ်လုပ်ငန်း ရှင်များအသင်းရုံး၌ ဒီဇင်ဘာ ၄ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် အသင်းဝင်ကုမ္ပဏီများသို့ ကြိုတင်ဖိတ်ကြားထားပြီးဖြစ်ကြောင်း၊ အသင်းသားစုံညီ အစည်းအဝေးသို့လိုက်ပါလိုသည့် အသင်းဝင်များသည် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းရုံး အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၄၈၃၈၊ ၂၁၄၈၃၉၊ ၂၁၄၈၄၀ တို့သို့ လည်းကောင်း၊ ဝင်းမာလာအောင် သစ်အချောထည်စက်ရုံ (မန္တလေး) ဖုန်း-၀၂-၅၄၄၉၉၊ ၅၃၁၆၆ သို့လည်းကောင်း နိုဝင်ဘာ ၃၀ရက် ညနေ ၄ နာရီနောက်ဆုံးထား စာရင်းပေးသွင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။

ဒီဇင်ဘာ ၄ ရက်နံနက် ၉နာရီခွဲအချိန်တွင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းရုံး (ရန်ကုန်)မှ မော်တော်ယာဉ်များဖြင့် စတင်ထွက်ခွာမည်ဖြစ်ပြီး ယင်းနေ့ည ၈ နာရီတွင် နေပြည်တော်မှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာ မည်ဖြစ်ပါသည်။ တက်ရောက်သော အသင်းသားများအား နံနက်စာ၊ ညစာများဖြင့် ဧည့်ခံကျွေးမွေးရန် စီစဉ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၁၁-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁:၂၀ ၄။ အဖွင့်သီချင်း
၁၁:၂၅ ၅။ မျိုးချစ်တပ်မတော်
၁၁:၃၀ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၇)**
၁၂:၀၀ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း -စင်ဒရဲလားကကြိုး (နေတိုး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-နေပိုင်)**
၁:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၂:၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၁၈)**
၂:၅၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၃:၀၀ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀ ၃။ နိုင်ငံတော်သီချင်း
၄:၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၄၀ ၅။ မြန်မာ့ရှုခင်း
၄:၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၄၀ ၁၁။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ စားဖိုဆောင်ချစ်သူ
၆:၅၀ ၁၅။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၁၁)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ လူ့ရွှင်တော်စတား
၂၂။ မြန်မာ့ရှုခင်း
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၁၉)**
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၅)**
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

☆ ရှေ့ဖုံးမှ

စီးပွားရေးဦးတည်ချက်နှင့် လူမှုရေး ဦးတည်ချက်များချမှတ်ကာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် လက်တွဲညီညီ ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း၊ ယခုကဲ့သို့ အခါသမယတွင် ပညာရည်ချွန်ဆု ပွဲပိုးချီးမြှင့်ပေးရခြင်းမှာ နိုင်ငံတော်၏ လူသားစွမ်းရည်မြင့်မားရေးအတွက် တစ်စိတ်တစ်ပိုင်း ပါဝင်ထောက်ကူခြင်းဖြစ်သကဲ့သို့ မိဘသဖွယ် စိတ်ဓာတ်နှင့် ကျောင်းသား၊ ကျောင်းသူ သားသမီးများ ပညာကို ကြိုးစားဆည်းပူးလေ့လာသင်ယူလိုစိတ် ပေါ်ပေါက်ပြီး ပညာရည်မြင့်တင်ပေးလိုသည့် စိတ်ရင်းစေတနာနှင့် ကျင်းပပေးခြင်းဖြစ်ကြောင်း။

သန္နိဋ္ဌာန်စိတ်ဖြင့် ဆောင်ရွက်

ပညာဆိုတဲ့စကားကို စိတ်ဖြာကြည့်ရင် (ပ)က အထူးထူးအပြားပြား၊ (ညာ)က သိခြင်းဖြစ်တာကြောင့် အသိဉာဏ်ကြွယ်ဝခြင်းဟု အဓိပ္ပာယ်ဖွင့်လို့ရကြောင်း၊ "ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုး"၊ "ပညာရွှေအိုး လူမခိုး"၊ "ပညာရဲရင့်ပွဲလယ်တင့်" စသဖြင့် မြန်မာတို့သည် ပညာကို ရှေ့တန်းတင်ခဲ့ကြကြောင်း၊ ယခုအချိန်အခါသည် Knowledge Age ဟုခေါ်သည့် ပညာခေတ်ကိုရောက်ရှိလာပြီး ပညာခေတ်မှာ ပညာသည်သာ အဓိက၊ ပညာသည်သာ ခွန်အား၊ ပညာသည်သာ စီးပွားဖြစ်လာတာကို တွေ့ကြရမှာဖြစ်ကြောင်း၊ နိုင်ငံ့စွမ်းအားသည် ပညာပေါ်မှာသာ အခြေပြုမည့်ခေတ်ကို ရောက်ရှိလာတော့မှာ ဖြစ်ကြောင်း၊ နိုင်ငံ့စွမ်းအားမြင့်မားရန်အတွက် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ရရှိအောင် လူသားမျိုးဆက်တစ်ဆက်ပြီး တစ်ဆက်က သန္နိဋ္ဌာန်စိတ်ဖြင့် ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ယနေ့ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းလာစေရန်ဆိုသော မြန်မာ့ပညာရေးမျှော်မှန်းချက်ကို ချမှတ်ပြီး ခေတ်စနစ်နှင့် လျော်ညီသည့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)စီမံကိန်းကို နှစ်တို(၅)နှစ်စီမံကိန်းများဖြင့် ရေးဆွဲဖော်ဆောင်လျက်ရှိကြောင်း။

ယင်းစီမံကိန်းများကို နိုင်ငံတော်တွင် ကျင့်သုံးလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများနှင့် လိုက်လျောညီထွေရှိပြီး နိုင်ငံတကာ ပညာရေးအဆင့်နှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရေးစနစ်အဖြစ် ပေါ်ထွန်းလာစေရအောင် ရေးဆွဲကာ အခြေခံပညာကဏ္ဍ မျှော်မှန်းချက်များကိုလည်း တစ်ဆက်တစ်စပ်တည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။ အဆိုပါ မျှော်မှန်းချက်များမှာ-

(၁) ပြည်ထောင်စု မြန်မာနိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာ တတ်မြောက်ပြီး ကျန်းမာသန်စွမ်းသော စာရိတ္တကောင်းမွန်သူများ ဖြစ်လာစေရန်၊

(၂) နိုင်ငံ့အကျိုးကို ရှေးရှုသည့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားမှု အခြေခံများ ချမှတ်ပေးရန်၊

(၃) ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးနှင့် ထက်မြက်ရေး အတွက် အထောက်အကူပြုမည့် သိပ္ပံပညာကို ဦးစားပေးရန်၊

(၄) နိုင်ငံတော်၏ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေထိန်းသိမ်းရေးနှင့် တိုးတက်ရေးအတွက် ဝိဇ္ဇာပညာကိုလည်း ဦးစားပေးရန်၊

(၅) တက္ကသိုလ်ပညာ ဆက်လက်သင်ယူနိုင်ရေးအတွက် ခိုင်မြဲသည့် ပညာအခြေခံ တည်ဆောက်ပေးရန်

တို့ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး အောင်ချက်အကောင်းဆုံးကျောင်းဆုရ ကျောင်းများအတွက် ဂုဏ်ပြုဆုများနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး ငါးဘာသာ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အရည်အသွေးရှိသည့် ပညာတတ်များ ဖြစ်လာစေရေးအတွက် အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမများမှာ အဓိကဖြစ်

ထိုအခြေခံပညာကဏ္ဍ မျှော်မှန်းချက်တွေအပြင် အဆင့်မြင့်ပညာကဏ္ဍ မျှော်မှန်းချက်များကို အကောင်အထည်ဖော်လျက်ရှိကြောင်း။ ယင်းမျှော်မှန်းချက်များမှာ-

(၁) မြန်မာ့လူမှုဘဝနှင့် လိုက်လျောညီသော စိတ်နေသဘောထား ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံသည့် ကျွမ်းကျင်လိမ္မာသော ပညာရှင်များ မွေးထုတ်ပေးရန်၊

(၂) နိုင်ငံတော်ကို အကျိုးပြုမည့် ပညာရှင်များ မွေးထုတ်ပေးရန်၊

(၃) အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုမည့် အတတ်ပညာနှင့် သိပ္ပံပညာကို ဦးစားပေး၍ သင်ကြားလေ့ကျင့်ပေးရန်၊

(၄) နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၅) လုပ်အားကို ဂုဏ်ယူလိုစိတ်ရှိအောင် သင်ကြားလေ့ကျင့်ပေးရန်၊

(၆) နိုင်ငံ တည်ဆောက်ရာတွင် ပါဝင်နေကြသော ပြည်သူတို့၏ ပညာဉာဏ် အမြော်အမြင်ကို လည်းကောင်း၊ ကျွမ်းကျင်မှုကို လည်းကောင်း တိုးတက်ကောင်းမွန်အောင် စီမံဆောင်ရွက်ရန်

တို့ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်၌ အရည်အချင်းမြင့်မားသော လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို တစ်နိုင်ငံလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ဖော်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် အရေးကြီးဆုံးပင်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်သည် ပြည်သူလူထု၏ ဆန္ဒအရ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် ပြင်ဆင်လျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံ အချက်(၃) ချက်မှာ-

(၁) နိုင်ငံတော် အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေ စိုးမိုးရေး၊

(၂) နိုင်ငံသားတစ်ဦးချင်း ဝင်ငွေတိုးတက်ပြီး ဥစ္စာဓန ပြည့်စုံကြွယ်ဝရေး၊

(၃) ကျန်းမာကြံ့ခိုင်ပြီး စာရိတ္တကောင်းမွန်သည့် ပညာတတ်များပေါ်များသောနိုင်ငံ ဖြစ်ရေး

တို့ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည် မြင့်မားရေးနှင့် ချမှတ်ထားသည့် မျှော်မှန်းချက်များ အောင်မြင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် မူလတန်းကျောင်း ၂၉၁၅၅ ကျောင်း၊ မူလတန်းလွန်ကျောင်း ၆၄၂၄ ကျောင်း၊ အလယ်တန်းကျောင်း ၂၉၄၄ ကျောင်း၊ အထက်တန်းကျောင်း ၂၂၇၈ ကျောင်း၊ အခြေခံပညာအဆင့်ကျောင်း စုစုပေါင်း ၄၀၈၀၁ ကျောင်းနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ် ၁၆၉ ကျောင်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

အမွန်မြတ်ဆုံး

နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးရာတွင် အဓိကဦးဆောင်မှု အခန်းကဏ္ဍက ပါဝင်နေသူများမှာ ဆရာ၊ ဆရာမများပင်ဖြစ်ကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေးအတွက် ပံ့ဖော်ပေးနေကြသည့် ဆရာ၊ ဆရာမများကို လူ့ဘောင်အဖွဲ့အစည်း ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအကျဆုံးနှင့် အမွန်မြတ်ဆုံးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ရွေးချယ်ဆောင်ရွက်နေသူတွေအဖြစ် မြန်မာတို့က တန်ဖိုးထားကြတာကို တွေ့ကြရမှာဖြစ်ကြောင်း။

အရည်အသွေးရှိသည့် ပညာတတ်များဖြစ်လာစေရေးအတွက် အရည်အချင်းပြည့်ဝသော ဆရာ၊ ဆရာမများမှာ အဓိကဖြစ်ကြောင်း၊ မိမိတပည့်များ၏ အနာဂတ်လှပပါမှ အနာဂတ် နိုင်ငံတော်သည်လည်း ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်း နိုင်ငံကြီးများအကြားတွင် လေးစားခံ့ညားခြင်းခံရသည့် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများသည် အနာဂတ်နိုင်ငံတော်အတွက် အလွန်အရေးကြီးသော ပင်မစွမ်းအားစုဖြစ်သည်ဟု ပြောကြားလိုကြောင်း။

မျိုးဆက်သစ် နိုင်ငံသားများ၏ လှပသည့်အနာဂတ်ကို ပိုင်ဆိုင်စေရန် ထုဆစ်ပုံဖော်ပေးနေသူများမှာ မိဘများပင် ဖြစ်ကြောင်း၊ အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းမှာ အမျိုးသားပညာရည်မြင့်မားရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများ အောင်မြင်ရန်အတွက် မိဘများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်း အရေးပါသော ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ပုဗ္ဗာစရိယ မိနှင့်ဖ ဆိုသည့် စကားအတိုင်း မိဘသည်သာ လက်ဦးဆရာ ဖြစ်ကြောင်း၊ မိမိသားသမီးများကို ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာများ ကျွမ်းကျင်တတ်မြောက်သည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်လာအောင် ထိထိရောက်ရောက် ပြုစုပျိုးထောင်ပေးကြရန် လိုအပ်ကြောင်း၊ သားသမီးများ ပညာရည်မြင့်မားရေးအတွက် ပညာရေးမူဝါဒနှင့် လမ်းညွှန်ချက်တွေအတိုင်း ဆရာများ၏ သင်ကြားမှု၊ မိဘများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုနှင့် ကျောင်းသားများ၏ ကိုယ်တိုင်အားထုတ် ကြိုးပမ်းသင်ယူလေ့လာမှုတို့ ပေါင်းစပ်မှသာ ပညာရည်မြင့်မားမှုပန်းတိုင်ကို ရောက်ရှိမှာ ဖြစ်ကြောင်း၊ မိဘများက သားသမီးများကို စဉ်ဆက်မပြတ် ထိတွေ့အကဲခတ်ပြီး ဆရာ၊ ဆရာမတို့၏ အကြံဉာဏ်ကောင်းများနှင့်အတူ တော်တည့်မှန်ကန်သည့် ဖြည့်ဆည်းအားပေးမှုများကို ဆောင်ရွက်သွားကြပါက ကိုယ်ကျင့်သိက္ခာကောင်းမွန်ပြီး အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာကြမည်ဟု ပြောကြားလိုကြောင်း။

တံတားဦးမြို့နယ်မှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် အနာဂတ် မျိုးဆက်သစ် လူငယ်များသည် နိုင်ငံတော်က အားထားရလောက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာအောင် ကြိုးပမ်းအားထုတ်သွားကြရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ-

- ဆရာ၊ ဆရာမများအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းစဉ်များနှင့်အညီ ကျောင်းသား၊ ကျောင်းသူများအား ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်း သမီးမွန်များ၊ ဘက်စုံပညာပြည့်ဝသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ဖြစ်ထွန်းလာအောင် လေ့ကျင့်သင်ကြားပေးကြပါ။
- မိဘများက တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ပညာရေးဝန်ထမ်းများနှင့် အပြည့်အဝ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြပါ။
- ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကဲ့သို့ မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ထူးချွန်သော ဂုဏ်ထူးရှင်များ ပိုမိုပေါ်ထွက်လာအောင် စွမ်းအားပြည့် ကြိုးစားကြပါဟု တိုက်တွန်းပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်ဝင်းက တိုင်းဒေသကြီး၏ ပညာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက တစ်ဘာသာဂုဏ်ထူး၊ နှစ်ဘာသာဂုဏ်ထူး၊ သုံးဘာသာဂုဏ်ထူးနှင့် လေးဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက ငါးဘာသာ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ငါးဦး၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းဆုရ မြေငူအခြေခံပညာအထက်တန်းကျောင်း၊ ဂုဏ်ထူးအမြင့်ဆုံးကျောင်းဆုရ ချောင်းခွအခြေခံပညာအထက်တန်းကျောင်းနှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူအများဆုံးကျောင်းဆုရ တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းတို့အတွက် ဂုဏ်ပြုဆုများနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြို့နယ်အတွင်း အောင်ချက်အကောင်းဆုံးကျောင်းဆုရ မြေငူအခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်" သီချင်းကို သီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးသည် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တံတားဦးမြို့နယ်အတွင်း တစ်ဘာသာ ဂုဏ်ထူးရှင် ၁၃ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၈ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာ ဂုဏ်ထူးရှင် လေးဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် ငါးဦးတို့ ထူးချွန်စွာ အောင်မြင်ခဲ့ကြပြီး အောင်ချက်အကောင်းဆုံး မြေငူအခြေခံပညာအထက်တန်းကျောင်း၏ အောင်ချက်မှာ ၅၆ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ၏ Electronics & Automobile Show 2010 ဖွင့်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ၏ Electronics & Automobile Show 2010 ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) ဥက္ကဋ္ဌ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စီးပွားရေးတက္ကသိုလ်ဘွဲ့ရ လုပ်ငန်းရှင်များ၊ ပြပွဲကျင်းပရေးကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA) ဥက္ကဋ္ဌက မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ၏ Eco Echo Exhibition (EEE) ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် ပြပွဲကျင်းပရေးကော်မတီဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲကြီးသည် မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA)က မြန်မာနိုင်ငံတွင် ပထမဆုံး ကြီးမှူးကျင်းပသည့် ပြပွဲဖြစ်ပြီး ၁၉၆၄ ခုနှစ်မှ ယနေ့အထိ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ၏ စီးပွားရေးလုပ်ငန်းများကို နိုင်ငံနှင့်အဝန်း သိရှိစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပသော ပြပွဲကြီးဖြစ်ကာ Electronics & Automobile ပစ္စည်းများကို ပြခန်းပေါင်း ၁၅၀ ခန့်ဖြင့် ယနေ့မှ နိုဝင်ဘာလ ၂၈ရက်အထိ ကျင်းပသွားမည်ဖြစ်၍ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဗိုလ်ချုပ်တင်ငွေသည် မှော်ဘီမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြန်မာ့ဆန်စပါး သုတေသနဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တပ်မတော်စိုက်ပျိုးရေး သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ တပ်မတော်စိုက်ပျိုးရေး သင်တန်းဆင်း သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်တင်ငွေက အမှာစကားပြောကြားပြီး သင်တန်း၌ ထူးချွန်စွာ ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား ကျောင်းသားခေါင်းဆောင်အား သင်တန်းဆင်း လက်မှတ်များကို ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်တင်ငွေသည် တိုင်းမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒဂုံမြို့နယ်ရှိ ယောမင်းကြီးလမ်း၊ ဗိုလ်ရာညွန့်လမ်းနှင့် နဝဒေးလမ်းတို့အား လမ်းခင်းကျင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ဈေးလမ်းအား ကွန်ကရစ်ထပ်ပိုးလွှာခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ပြခန်းများ ကြည့်ရှုလေ့လာ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ Electronics & Automobile Show 2010 ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

(၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်
(၁-၁၂-၂၀၁၀)

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊
- ☆ အမျိုးသားပညာရည် မြင့်မားရေး၊
- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး။

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး နှလုံးဆေးကုဌာနသို့ နှလုံးစမ်းသပ်ပစ္စည်းလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၆

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး နှလုံးဆေးကုဌာန၌ Portable Echo "Sonoscope" တန်ဖိုးငွေကျပ် ၁၂၅ သိန်း ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းက ဆေးရုံကြီးတွင် လိုအပ်ချက်များနှင့် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

ထို့နောက် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၅)လမ်း (၂၉×၃၀)ကြား ဝါးတန်းရပ်နေ ဒေါက်တာခင်မောင်သန်း (မျက်စိအထူးကုဆရာဝန်ကြီး)-ဒေါ်စိန်စိန်ရီ (ဝိဇ္ဇာ-ပါဠိ)မိသားစုက တန်ဖိုးငွေကျပ် ၁၂၅ သိန်း တန်ဖိုးရှိ Portable Echo "Sonoscope" ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းနှင့် ပါမောက္ခဒေါက်တာထွန်းရွှေတို့က လက်ခံပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းက ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဓါပုံ)** (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၁-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်+ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ဗောဇ္ဈင်္ဂသုတ်" တရားတော်(အပိုင်း-၃) (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၇)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၄)**
၈း၄၀	ချင်းတွင်းမှသည် ပန်းတိုင်ဆီသို့
၈း၅၅	ရွှေဈေးကွက်နှင့်ရွှေဝယ်လမ်းညွှန်
၉း၁၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (စိတ်ဝင်စားစရာကောင်းသည့် အလှမွေးငါးပြပွဲပြိုင်ပွဲဆီ)
၉း၂၅	Gobal Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၉း၅၅	အထူးကုအစီအစဉ် (ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ရောဂါများ)
၁၀း၁၅	သွားမယ်စားမယ် (Junction Maw Tin မှ စားသောက်ဆိုင်များ)
၁၀း၅၀	Goals of the Week (အောင်အောင်ဦး)
၁၁း၀၀	ပန်းချီပြခန်း (Widescreen 101010)
၁၁း၂၀	ဟိုတယ်လမ်းညွှန် (Mandalay Hill Resort Hotel)
၁၁း၄၅	ဆီးချိုသွေးချိုကာကွယ်ပါ (အကယ်ဒမီထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊ မျိုးစန္ဒီကျော်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး) [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
၁၂း၁၀	၂၀၁၀ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ (နေပြည်တော်)
၁၂း၃၀	သူတို့ပြောတဲ့သူတို့အကြောင်း (သန္တာလှိုင်နှင့်တွေ့ဆုံခြင်း)
၁း၀၀	"ဗောဇ္ဈင်္ဂသုတ်" တရားတော် (အပိုင်း-၃) (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Talent Show (စန္ဒရားဖွဲ့မာန်ဇော်ဝင်း)
၂း၄၅	VJ Choice
၃း၁၅	မန္တလေးမြို့မှ TOA Colour World
၃း၂၅	Kid's Show
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၄)**
၄း၄၅	"ဝ"တာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း **(အပိုင်း-၁)**
၅း၀၀	Sports Diary
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Movie Talk [ဒါရိုက်တာ-ကြည်စိုးထွန်း၊ မအေးကြည်(အေဝမ်း)] **(အပိုင်း-၅)**
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၈)**
၇း၂၀	ဖက်ရှင်လမ်းညွှန် (ရွှေကံ့ကော် 2011 ဖက်ရှင်ဒီဇိုင်းသစ်များ)
၇း၄၀	သင်ယူလေ့လာဂီတပညာ (Part-1) (Intro)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Activities In The City [ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသခြင်း]
၈း၄၅	သူတို့ဘဝသူတို့ဟာသ (သပြေဂျာအေး)
၉း၂၅	Barclays Premier League (Stoke City Vs Man City)
၁၁း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၅)**
၁၂း၀၅	စံမီအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော. . .
၁၂း၂၅	ဘယ်သွားသွားသိနေတဲ့ Real Time GPS Tracking System
၁၂း၄၀	World of Knowledge (World Cyber Games)
၁း၂၅	ပန်းပေါင်းစုံ ပွင့်ထုံ ကြိုင်သင်း. . . မြို့ကျောက်မဲ၏ဂုဏ်သတင်း
၁း၄၅	အများမြင်စရာနှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၁)
၂း၃၀	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင်အထွက်နှုန်း"
၂း၄၀	နုယဉ်ဆန်းထွင်သစ်သီးအလှဆင် (အကြော်ပွဲအလှဆင်နည်း)
၂း၅၅	ဘယ်သူ့ကိုအချစ်ဆုံးလဲ (တေဇ၊ ခိုင်ပွင့်၊ မင်းသူ၊ ထွန်းထွန်းအောင်၊ ချမ်းသာ) [ဒါရိုက်တာ-သုတ(မော်ကွန်း)]
၃း၁၀	Shooting Location (ခင်ယုမေအိမ်)
၃း၃၀	Movie Mistakes (Speed)
၃း၅၀	Celebrity Profile (Rain)
၄း၂၀	အသွင်ပြောင်းစေမည့် Fiber Tech
၄း၂၅	ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်
၄း၅၀	ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွဥယျာဉ်ကမ္ဘာ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Aston Villa - Arsenal	ESPN (Live)
၉း၂၅	Man U - Blackburn	ESPN (Live)
	Stoke City - Man City	STAR SPORTS(Live)
၁၁း၅၅	Wolverhampton - Sunderland	STAR SPORTS(SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

တိုင်းမှူးတံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၆

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးသည် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသော တိုင်းမှူးတံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ စစ်သည်နှင့် မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားအသင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး တိုင်းမှူးတံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ AF-Colenco Ltd. တို့ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း အတိုင်ပင်ခံလုပ်ငန်းအတွက် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း အတိုင်ပင်ခံလုပ်ငန်းအတွက် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ AF-Colenco Ltd. တို့ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း အတိုင်ပင်ခံလုပ်ငန်းအတွက် ချုပ်ဆိုသည့်ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဆွစ်ဇာလန်နိုင်ငံ AF-Colenco Ltd. မှ Chief Executive Officer Mr. Roberto Gerosa နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်နှင့် ဆွစ်ဇာလန်နိုင်ငံ AF-Colenco Ltd. မှ Vice President Mr. Jeans-Francois Belin တို့က စာချုပ်များကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အခမ်းအနားသည် ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ လုပ်ငန်းများအတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ AF-Colenco Ltd. တို့အကြား စီမံကိန်းလုပ်ငန်းများဆိုင်ရာ Agreement of Consulting Services အတွက် လက်မှတ်ရေးထိုးကြခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကတ္တရာထပ်ပိုးလွှာခင်း

မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မင်းရန်အောင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အလယ်ပိုင်းဒေသများ ညအပူချိန်တိုးလာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီးတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ပင်လောင်းမြို့တွင် ၆ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၂၇ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရွှေဘိုလမ်း ကွန်ကရစ်တံတား ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၁ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြို့သာယာလှပရေးလုပ်ငန်းများ စစ်ဆေး

မြင်းခြံ နိုဝင်ဘာ ၂၆

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများမှ ဗိုလ်ချုပ်လမ်းဘေး ဝဲ၊ ယာ တစ်လျှောက် ပန်းအလှပင်များအား ပုံဖော်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် သစ်ပင်များခုတ်ခြင်းကို နိုဝင်ဘာ ၇ ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအေးမြင့်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ဦးတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ကျော်ဟိန်းက ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

Calsome ကွေကာမှ မိသားစုများ စိတ်လှုပ်ရှားပျော်ရွှင်ဖွယ်ရာ ပြိုင်ပွဲများကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

Myanmar Distribution Group Co., Ltd. Calsome ကွေကာက စီစဉ်ကျင်းပသည့် Family Challenge ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ် (၇)ကို နိုဝင်ဘာ ၂၁ ရက်တွင် ရန်ကုန်မြို့ City Centre ၌ ကျင်းပရာ Calsome ကွေကာမှ စိတ်ဝင်စားပျော်ရွှင်ဖွယ်ရာ Game များနှင့် Promotion အစီအစဉ်များဖြင့် စတင်ခဲ့ပြီး ပြိုင်ပွဲပထမပိုင်းကို ယှဉ်ပြိုင်ကြသည်။ ထို့နောက် Calsome ကွေကာမှ ဆင်၊ ကျားသစ်၊ ယုန်အရုပ်ကလေးများဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပြိုင်ပွဲဒုတိယပိုင်းကို ဆက်လက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ကစားနည်းများကို Dream Boat အဖွဲ့က စီစဉ်ကြီးကြပ်ပေးပြီး မိသားစု ၂၂ စု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အထူးဆု ကျပ်နှစ်သိန်းကို ဒလမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ မောင်ရဲလင်းထွန်းပါဝင်သော မိသားစုက ရရှိသွားပြီး နှစ်သိမ့်ဆု ငွေကျပ်တစ်သိန်းဆု သုံးဆုကိုလည်း ချီးမြှင့်ပေးသည်။

ဆုရရှိသူ မိသားစုလေးစုအား MDG Co.,Ltd. လက်ထောက်ဈေးကွက်မန်နေဂျာ ဦးစိုင်းလင်းထွန်းကျော်က ဆုများပေးအပ်ပြီး ဝင်းဆုရရှိသူ မိသားစုများသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် မျှော်စင်ကွင်း၌ကျင်းပမည့် Calsome Family Telematch ပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

Calsome Family Challenge ပြိုင်ပွဲများကို ရန်ကုန်မြို့ရှိ Ocean (East Point), Sein Gay Har (Parami), Sein Gay Har (Pyay Rd), Junction Centre Maw Tin, Orange Supermarket (N-Okkalar) တို့တွင် ပြိုင်ပွဲများ ကျင်းပခဲ့သည်ဟု သိရှိရသည်။ (သတင်းစဉ်)

Calsome ကွေကာမှ မိသားစုများ စိတ်လှုပ်ရှားပျော်ရွှင်ဖွယ်ရာ ပြိုင်ပွဲများ ကျင်းပစဉ်။ (သတင်းစဉ်)

ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်

ဖားကန့် နိုဝင်ဘာ ၂၆

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အမှတ်(၄)လမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးထိုက်ဝင်းနှင့်အဖွဲ့ ဆောင်ရွက်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးကျော်လင်း အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား လက်ဝှေ့ပြိုင်ပွဲ ကျင်းပမည် ဝိတ်တန်းအလိုက် ဆုကြေးငွေ ထိုက်တန်စွာ ချီးမြှင့်သွားမည်

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဖလား လက်ဝှေ့ပြိုင်ပွဲကို နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ကိုယ်အလေးချိန် အတန်း ကိုးတန်းပါဝင်သော အမျိုးသား အဆင့် (အလွတ်တန်း)ပြိုင်ပွဲ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသားပြိုင်ပွဲ၊ ကိုယ်အလေးချိန်အတန်း ၁၀ တန်း ပါဝင်သော အမျိုးသားသက်ငယ်တန်းပြိုင်ပွဲ၊ ကိုယ်အလေးချိန် အတန်းခြောက်တန်း ပါဝင်သော အမျိုးသမီး အလွတ်တန်းပြိုင်ပွဲ ဟူ၍ ကျင်းပသွားမည်ဖြစ်ပြီး အဆင့်အလိုက် အကောင်းဆုံး လက်ဝှေ့သမား ဆုများကိုလည်း ချီးမြှင့်သွားမည်ဖြစ်သည်။

ဝိတ်တန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသူများကို ဆုကြေးငွေ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲသို့ ဝန်ကြီးဌာနလက်ဝှေ့အသင်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ လက်ဝှေ့ကလပ်များ၊ တပ်မတော်တိုင်း / တပ်မဌာနချုပ် လက်ဝှေ့အသင်းများမှ ပြိုင်ပွဲဝင် အားကစားသမားပေါင်း ၁၅၀ ခန့် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲ ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကို နာမည် ကျော်အနုပညာရှင်များ၏ ဖျော်ဖြေမှု များဖြင့် ခမ်းခမ်းနားနား ကျင်းပသွားမည် ဖြစ်သည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ ချုပ်ရုံး(သုဝဏ္ဏ) ဖုန်း-၀၁-၈၅၅၀၀၈၀၊ ဦးတင်လှိုင် (အထွေထွေအတွင်းရေးမှူး) ဖုန်း-၀၁-၅၃၀၀၁၆၊ ၀၁-၅၃၄၇၁၃၊ ဦးနေဇော်(တွဲဖက်အတွင်းရေးမှူး-၁)၊ ဖုန်း-၀၉-၅၀၄၅၁၀၃ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။(ကြေးမုံ)

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၆

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊ လေ)ဘောလုံး ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ များကို ယနေ့ညနေပိုင်းတွင် သတ်မှတ် ထားသည့်ဇုန်များ၌ ဆက်လက် ကျင်းပ ရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းနှင့်တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(က)အသင်းတို့သည် တစ်ဖက် တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ (ခ) အုပ်စု နတခဇုန်(ပုသိမ်)၌ အရှေ့မြောက် တိုင်းစစ်ဌာနချုပ်အသင်းက တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ဂ)အသင်း ကို ရှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်း က အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် အသင်းကိုသုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်အသင်း ကို သုံးဂိုး- ဂိုးမရှိဖြင့် လည်းကောင်း၊ (င)အုပ်စု ရကတဇုန်(ရန်ကုန်)၌ တပ်မတော် (လေ)အသင်းက အရှေ့တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (စ)အုပ်စု လပခဇုန် (မန္တလေး)၌ အမှတ်(၈၈) ခြေမြန် တပ်မဌာနချုပ်အသင်းက တြိဂံဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာအားကစား

လီဗာပူးအသင်း၏ ဥက္ကဋ္ဌရာထူးကို တွမ်ဝါနာလွှဲပြောင်းရယူ

လန်ဒန် နိုဝင်ဘာ ၂၆

လီဗာပူးအသင်းသည် ပိုင်ရှင်သစ် ဂျွန်ဟင်နရီလက်တွင်းသို့ ရောက်ပြီး မကြာမီမှာပင် အသင်း၏ဥက္ကဋ္ဌ ရာထူး မှာ အပြောင်းအလဲဖြစ်လာခဲ့သည်။ ယခင်အသင်း၏ ယာယီဥက္ကဋ္ဌဖြစ်သူ မာတင်ဘရောက်တန်၏ နေရာတွင် အသင်း၏အစုရှယ်ရာတချို့တစ်ဝက်ကို ပိုင်ဆိုင်သူ တွမ်ဝါနာကို လွှဲပြောင်း ခန့်အပ်လိုက်သည်။

တွမ်ဝါနာသည် လီဗာပူးအသင်း၏ ဥက္ကဋ္ဌရာထူးတာဝန်ကို လာမည့်ဒီဇင်ဘာ ၁ ရက်တွင် စတင်ထမ်းဆောင်မည်ဖြစ် သည်။ အသင်းပိုင်ရှင် ဂျွန်ဟင်နရီက အသင်း၏ ယာယီဥက္ကဋ္ဌတာဝန်ကို ခုနစ်လတာထမ်းဆောင်ခဲ့သည့် မာတင် ဘရောက်တန်ကို ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး အသင်းဥက္ကဋ္ဌသစ်ဖြစ်လာ မည့် တွမ်ဝါနာမှာ ဥက္ကဋ္ဌရာထူးနှင့် ထိုက်တန်သူဖြစ်ကြောင်း ထုတ်ဖော် ပြောကြားလိုက်သည်။ တွမ်ဝါနာကလည်း မိမိအနေဖြင့် အလွန်ပင်ဂုဏ်ယူဝမ်းသာ နေပါကြောင်း၊ အသင်းအတွက် အကောင်းဆုံး စွမ်းဆောင်ပေးပြီး ဆုဖလားများ ပြန်လည်ရယူပေးနိုင်ရန် ရည်မှန်းထားကြောင်းပြောကြားခဲ့သည်။

အင်တာနက်။

လီဗာပူးအသင်း၏ ဥက္ကဋ္ဌဖြစ်လာသည့် တွမ်ဝါနာ(ယာ)အား ဂျွန်ဟင်နရီနှင့် အတူတွေ့ရစဉ်။

မန်ယူ ပရိသတ်များကို တောင်းပန် စကားပြောဆိုခဲ့သည့် ဝိန်းရွန်နေး။

ဝိန်းရွန်နေး မန်ယူပရိသတ်အား တောင်းပန်စကားဆို

မန်ချက်စတာ နိုဝင်ဘာ ၂၆

မန်ယူအသင်းမှ အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး ဝိန်းရွန်နေးသည် မန်ယူ ပရိသတ်များအား တောင်းပန်စကား ဆို ခဲ့ကြောင်း သတင်းများတွင် ဖော်ပြ ထား သည်။

၂၀၀၄ ခုနှစ်ကပင် အဲဗာတန် အသင်းမှ မန်ယူအသင်းသို့ ပေါင် ၂၅ ဒသမ ၆ သန်းဖြင့် ရောက်ရှိလာသည့် ဝိန်းရွန်နေးသည် အသင်းတွင် အမြန် ဆုံးအထိုင်ကျကာ ခြေစွမ်းပြနိုင်ခဲ့သည်။ ထိုသို့ မန်ယူအသင်းတွင် တောက် လျှောက် ခြေစွမ်းပြသလာနိုင်ခဲ့သည့် ဝိန်းရွန်နေးသည် ကွင်းတွင်း၊ ကွင်းပြင် ဝေဖန်မှုများစွာဖြင့် ရင်ဆိုင်ခဲ့ရသည်။ ထို့ပြင် ဝိန်းရွန်နေးသည် ယင်းကာလ များတွင် မန်ယူအသင်းမှပင် ထွက်ခွာရန် ကြံစည်ခဲ့ဖူးသည်။ ယခုအချိန်တွင် ထိုသို့သော ဖြစ်ရပ်များအားလုံးအတွက် ဝိန်းရွန်နေးအနေဖြင့် မန်ယူပရိသတ် များသို့ တောင်းပန်စကားပြောဆိုလာခဲ့ပြီ ဖြစ်သည်။ ***အင်တာနက်။***

ATP World Tour Finals

တင်းနစ်ပြိုင်ပွဲ ရော်ဂျာဖက်ဒရား ဆီမီးဖိုင်နယ်တက်

လန်ဒန် နိုဝင်ဘာ ၂၆

နိုဝင်ဘာ ၂၁ ရက်မှ ၂၈ ရက်ထိ လန်ဒန်မြို့၌ကျင်းပလျက်ရှိသည့် ATP World Tour Finals တင်းနစ်ပြိုင်ပွဲတွင် အုပ်စု(B)၌ ပါဝင်သည့် ရော်ဂျာဖက်ဒရားသည် ရော်ဘင်ဆိုဒါလင်းကို ၇-၆၊ ၆-၃ ဖြင့် အနိုင်ရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံသား ရော်ဂျာဖက် ဒရားသည် တင်းနစ်ပြိုင်ပွဲများ၏ အမြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ဂရင်းဆလင်း ပြိုင်ပွဲ များတွင် (၁၆)ကြိမ်တိုင်တိုင် အောင်မြင် မှုရရှိထားသူဖြစ်သည်။

အင်တာနက်။

ရော်ဘင်ဆိုဒါလင်းကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်တက်နိုင်ခဲ့သည့် ရော်ဂျာ ဖက်ဒရား။

ဘာစီလိုနာအသင်း Facebook ပရိသတ် ခုနစ်သန်းကျော်ပိုင်ဆိုင်

ဘာစီလိုနာ နိုဝင်ဘာ ၂၆

စပိန်လာလီဂါထိပ်သီးကလပ် ဘာစီ လိုနာအသင်း၏ Facebook ပရိသတ် ဦးရေမှာ ခုနစ်သန်းကျော်ရှိကြောင်း သိရသည်။ ကမ္ဘာ့အချမ်းသာဆုံးအသင်းနှင့် အကျော်ကြားဆုံးအသင်းများအဖြစ် မန်ယူအသင်းနှင့် ရီးယဲလ်မက်ဒရစ် အသင်းတို့ ရပ်တည်နိုင်ကြသော်လည်း ပရိသတ်အင်အားတွင် ဘာစီလိုနာအသင်းက ထိပ်ဆုံးမှ ရပ်တည်လာခဲ့သည်။ ဘာစီလိုနာအသင်း၏ Facebook စာမျက်နှာကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင်မှ စတင်ကာ တရားဝင်လွှင့်တင်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်း၏ Facebook ပရိသတ်ဦးရေမှာ ခြောက်သန်းနှင့် မန်ယူအသင်း၏ Facebook ပရိသတ်ဦးရေမှာ ငါးသန်းဖြစ်သည်။ LA လိပ်ကာစ် ဘတ်စကက်ဘောအသင်း၏ Facebook ပရိသတ်ဦးရေမှာ လေးသန်းဖြင့် စတုတ္ထ လိုက်နေသည်။ ***အင်တာနက်။***

ပွဲစဉ်တိုင်း ရင်ခုန်စိတ်လှုပ်ရှားမှု အပြည့်အဝ ပေးလာဦးမည့် ပရီမီယာလိဂ်ပွဲစဉ် (၁၅)

ပရီမီယာလိဂ်ပွဲစဉ်(၁၅)ကို နိုဝင်ဘာ ၂၇ရက် (ယနေ့ည)နဲ့ နိုဝင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့)တို့မှာ ကျင်းပမှာဖြစ် ပါတယ်။ ဒီတစ်ပတ်မှာ ခြေညီတဲ့အသင်း တွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပွဲစဉ်တိုင်းကပြိုင်ဆိုင်မှုပြင်းထန်ပြီး ရင်ခုန် စိတ်လှုပ်ရှားမှုအပြည့်အဝ ပေးလာဦး မှာပါ။

စပါး-လီဗာပူး

ပွဲစဉ် (၁၄)အပြီးမှာ စပါးကရမှတ် ၂၂ မှတ်နဲ့ အဆင့် (၆)မှာ ရပ်တည်နေပြီး လီဗာပူးက အဆင့်(၉)မှာရှိနေပါတယ်။ စပါးမှာ မော့ဒရစ်၊ ဂါရတ်ဘေးလ်၊ လင်နွန်၊ ဒီဖိုးတို့နဲ့ လူစုံနေပါတယ်။ ဒါ့ပြင်စပါးဟာ ချန်ပီယံလိဂ်မှာ အုပ်စုကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်တာကြောင့် ပရီ မီယာလိဂ်ဘက်ကို ကောင်းကောင်း အာရုံစိုက်လာတော့မှာပါ။ လီဗာပူးမှာ ကွင်းလယ်ကစားသမားဂျိုကိုးလ်ပြန်လည် ပါဝင်လာမှာဖြစ်ပေမယ့် အားထားရတဲ့ ဂျရတ်မပါနိုင်တာကြောင့် ပွိုက်ဟတ် လိန်းမှာ သရေတောင်မျှော်လင့်ခွင့်ရှိမယ် မထင်ပါဘူး။

မန်ယူ-ဘလက်ဘန်း

ချယ်လ်ဆီးနဲ့ ရမှတ်တူ ဒုတိယနေရာက မန်ယူမှာ ဝိန်းရွန်နေး ပြန်လည်ကစားနိုင်ပြီ ဖြစ်တာကြောင့် တိုက်စစ်ပိုင်းအားကောင်း လာမှာပါ။ ဘလက်ဘန်းက အဆင့်(၁၁) မှာ ရပ်တည်နေပေမယ့် ကစားအား ကောင်းတဲ့အသင်းဖြစ်တာကြောင့် မန်ယူ ကို အခက်တွေ့စေဦးမှာပါ။ ဒါပေမယ့် အိုးထရက်ဖို့ဒ်ကွင်းဖြစ်နေတာကြောင့် မန်ယူအလေးသာတဲ့ပွဲပါ။

ပရီမီယာလိဂ်ပွဲစဉ် (၁၅) ပထမနေ့ ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂၇ ရက် (ယနေ့ ည) ၇း၁၅ နာရီမှာ ဗီလာနဲ့ စပါး၊ ည ၉း၃၀ နာရီမှာ ဘော်လ်တန်-ဘလက် ပူးလ်၊ အဲဗာတန်-ဝက်စ်ဘရွန်း၊ ဖူလ်ဟမ်- ဘာမင်ဂမ်၊ မန်ယူ-ဘလက်ဘန်း၊ စတုတ် စီးတီး-မန်စီးတီး၊ ဝက်စ်ဟမ်း-ဝီဂန်၊ ဝုလ်ဗာဟမ်တန်-ဆန်းဒါးလန်းနဲ့ နိုဝင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) ည ၈ နာရီမှာ နယူးကာဆယ်-ချယ်လ်ဆီး၊ ည ၁၀း၃၀ နာရီမှာ စပါး-လီဗာပူးတို့ ယှဉ်ပြိုင်ကစား ကြမှာဖြစ်ပါတယ်။

ဝင်းတင် (ကြေးမုံ)

ဇန်နဝါရီအပြောင်းအရွှေ့ကာလမတိုင်မီ ခြေလှမ်းကျဲကျဲဖြင့်လှုပ်ရှားနေသော ကလပ်အသင်းများ

လန်ဒန် နိုဝင်ဘာ ၂၆

စိုး တင့် နိုင်

ဘောလုံးရာသီ တစ်ဝက်ကျိုးချိန် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကလပ်အသင်းများအနေဖြင့် အားနည်းချက် များကို ဖာထေးရန် ကစားသမားများကို အပြိုင်အဆိုင် ခေါ်ယူကြဖွယ်ရှိသည်။ အပြောင်းအရွှေ့မတိုင်မီ ကောလာဟလ များကလည်း စိတ်ဝင်စားဖွယ်မျိုးစုံ ထွက်ပေါ်နေသည်။

အင်တာမီလန်

အသင်းဥက္ကဋ္ဌ မက်ဆီမို မိုရက်တီ အနေဖြင့် အာဆင်နယ်အသင်း ခေါင်းဆောင် ဖာဘရီဂက်စ်အား ယူရို သန်း ၅၀ ဖြင့် ခေါ်ယူစာချုပ်ပြီး ချန်ပီယံ လမ်းကြောင်းမှ လွဲချော်ဖွယ်ရှိသော အနေအထားကို ကယ်တင်ဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်နေသည်။

မန်ချက်စတာစီးတီး

ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ဝယ်ယူဖြည့်တင်း ရန် ခြေလှမ်းကြဲကြဲဖြင့် လှုပ်ရှားနေသည့် မန်စီးတီးသည် ပေါ်တိုအသင်းမှ တိုက်စစ်မှူး ဟော့ခ်ကို ပေါင်သန်း ၂၀ အသုံးပြုပြီး ခေါ်ယူဖွယ်ရှိသည်။ ပေါ်တူဂီ လိဂ် ၁၀ ပွဲတွင် ၁၁ ဂိုးသွင်းယူထားသည့် ၎င်း၏ ဂိုးသွင်းစွမ်းရည်ကြောင့် မန်စီးတီး မန်နေဂျာ ရောဘတ်တို မန်စီနီ၏ စိတ်ဝင် စားမှုကို ရရှိနေသည်။ ဝုဖ်ဘတ်အသင်းမှ အီဒင်ဇယ်ကိုးသည်လည်း မန်စီးတီး အသင်း၏ ထိပ်တန်းအပြောင်းအရွှေ့ ပစ်မှတ်အဖြစ် သတင်းများထွက်ပေါ် နေသော်လည်း ဂျာမန်ကလပ်၏ ပေါင်သန်း ၅၀ ဟူသော ခေါ်ဈေးကြောင့် အခြားကစားသမားများကို ပြောင်းရွှေ့ ပစ်မှတ်ထားလာခြင်းဖြစ်သည်။ ကားလို့စ် တီဗက်ဇ်အပေါ်တွင် အလွန်အမင်းမှီခို နေရသော အသင်း၏အနေအထားကြောင့် ထိုအပြောင်းအရွှေ့ ဖြစ်ပေါ်လာဖွယ်ရှိ သည်ဟု The mirror သတင်းစာက ဆိုသည်။ အဒီဘာယောနှင့် ဆန်တာ ခရုဇ်တို့အသင်းမှ ထွက်ခွာဖွယ်ရှိသည့် အခြေအနေကြောင့် ထိုအပြောင်းအရွှေ့ ဖြစ်ပေါ်လာဖွယ်ရှိနေသည်။

အာဆင်နယ်

ဒဏ်ရာရနေသော ရော်ဘင်ဗန်ပါစီနှင့် ပုံမှန်ခြေစွမ်းရရှိရန် ရုန်းကန်နေရ သည့် ဘန်တနာတို့ကြောင့် တိုက်စစ် လိုအပ်ချက်ရှိနေသည့် အာဆင်နယ် အသင်းသည် လော်ရန်တီအသင်းမှ အသက်(၂၃)နှစ်အရွယ် ပြင်သစ် တိုက်စစ်မှူး ကီဗင်ဂမ်မာရီယိုအား စပါးအသင်းနှင့်အပြိုင် ခေါ်ယူရန် ကြိုးစားနေသည်။ ဂမ်မာရီယိုအား အေစီမီလန်မှလည်း စိတ်ဝင်စားနေ သည်ဟု သတင်းများ ထွက်ပေါ်နေ သော်လည်း ပြင်သစ်ကစားသမားများ ခေါ်ယူရာတွင် အားသာချက်ရှိနေသည့် ဝင်းဂါး၏ အစဉ်အလာကြောင့် လော်ရန် တီ အတွက် ၇၉ ပွဲတွင် ဂိုး ၃၀ သွင်းထားသော ဂမ်မာရီယိုအား ခေါ်ယူ နိုင်ရန် အလားအလာကောင်းနေ သည်။

ဂျူဗင်တပ်စ်

အသင်းအတော်များများမှ ခေါ်ယူ ရန်ကြိုးပမ်းနေသည့် ဝုဖ်ဘတ်တိုက်စစ် မှူး အီဒင်ဇယ်ကိုးအား စီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်းက ယူရိုသန်း ၄၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားသော် လည်း ဝုဖ်ဘတ်က ထို့ထက်ပို၍ တောင်းဆိုထားသဖြင့် အခက်တွေ့ နေရသည်။

မန်ချက်စတာယူနိုက်တက်

အသက် (၁၆) နှစ်အရွယ် ခရို အေးရှား လူငယ်ခြေတက်ကစားသမား ဒီနိုစပီဟာအား ဂျာမန်ကလပ် ဘိုင်ယန် မြူးနစ်နှင့်အပြိုင်ခေါ်မည်ဟု ဖာဂူဆန်က ဆိုသည်။ ဘိုင်ယန်မြူးနစ်က စပီဟာ၏ ကိုယ်စားလှယ်ဖြင့်ပင် အချိတ်အဆက် ပြုထားပြီးဖြစ်သဖြင့် တစ်ပန်းသာ နေသည်ဟု သိရသည်။

ချယ်လ်ဆီး

နောက်တန်းကစားသမားများ၏ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်နေရသည့် ချယ်လ်ဆီးသည် ပါတီဇန်ဘဲဂရိတ်မှ လူငယ်နောက်တန်းကစားသမား စတီ ဖင်ဆာဗစ်အား မျက်စိကျနေသည်။ အသက် (၁၉)နှစ်အရွယ် မွန်တီနီဂရိုး ကစားသမားဆာဗစ်သည် ကလပ်နှင့် နိုင်ငံအသင်းများတွင် ပုံမှန်ပွဲထွက်ခွင့် ရနေသူ ဖြစ်သည်။ သို့သော် ၎င်းအား အာဆင်နယ်၊ စပါး၊ ဘာမင်ဂမ်တို့နှင့် အပြိုင် ကြိုးပမ်းရဖွယ်ရှိနေသည်။

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - **ရန်တိုက်ပေးနေသည်။**
- ☆ RFA, DVB - **သွေးထိုးနေသည်။**
- ☆ **ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။**

ဘ၀အနေမြင့်၍ အခြေတင့်လျက်ရှိသော မြစ်ဝကျွန်းပေါ်ဒေသမှ မော်လမြိုင်ကျွန်းမြို့

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ရာဇူဒိုင်တံတားအမှတ်(၁)နှင့် ရာဇူဒိုင်တံတားအမှတ်(၂) တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့၍ ရန်ကုန်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ မော်တော်ကားလမ်းဖြင့် တောက်လျှောက်သွားနိုင်ပြီဖြစ်သည်။ သို့သော်လည်း ရေလမ်းခရီးဖြင့် သွားသည့် အတွေ့အကြုံရယူလိုခြင်းနှင့် ရေလမ်းခရီးဖြင့်သွားခြင်းက စိတ်အပြောင်းအလဲ ဖြစ်စေနိုင်ခြင်းတို့ကြောင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ဗလမင်းထင်သင်္ဘောဖြင့် ရန်ကုန်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ လေ့လာရေးခရီး သွားရောက်ဖြစ်ခဲ့သည်။

ရေကြောင်းပို့ဆောင်ရေးသည် အချိန်ကြန့်ကြာမှုရှိသော်လည်း စရိတ်ကုန်ကျမှုသက်သာခြင်းနှင့် ကုန်တန်ချိန်များများ တင်ဆောင်နိုင်ခြင်းတို့ကြောင့် လုံးဝပစ်ပယ်၍မရနိုင်သေးချေ။ အချိန်တိုအတွင်း သယ်ယူပို့ဆောင်လိုသော ကုန်စည်များမှလွဲ၍ ကျန်ကုန်စည်များကို ရေလမ်းခရီးဖြင့်သာ ပို့ဆောင်နေကြဦးမည်ဖြစ်သည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လမ်းသစ်ဆိပ်ခံတံတားမှ ညနေ ၆နာရီ ထွက်ခွာသော ဗလမင်းထင်(နှစ်ထပ်ခွဲ)သင်္ဘောသည် မော်လမြိုင်ကျွန်းမြို့သို့ နောက်တစ်နေ့ နံနက် ၇နာရီခွဲခန့်၌ ဆိုက်ကပ်ခဲ့လေသည်။ ဗလမင်းထင်သင်္ဘောသည် ခရီးစဉ်တစ်လျှောက်၌ ကျိုက်လတ်၊ မြင်းကကုန်းနှင့် ဘိုကလေးမြို့များတွင် ဆိုက်ကပ်ရပ်နားပြီး ခရီးသည်နှင့်ကုန်စည်များကို အတင်အချပြုလုပ်သည်။ မော်လမြိုင်ကျွန်းမြို့သို့ သင်္ဘောဆိုက်ကပ်ချိန်တွင် ရာသီဥတုသာယာ၍ မြစ်အတွင်း စက်လှေများ လူးလာခေါက်ပြန် သွားလာနေပြီး ဆိပ်ခံတံတားတွင်လည်း စည်ကားလျက်ရှိသည်။

မော်လမြိုင်ကျွန်းမြို့သည် ကျွန်းမြို့ဖြစ်သည့်အားလျော်စွာ ကမ်းနားလမ်းတစ်လျှောက် လူနေအိမ်နှင့်တိုက်တာအဆောက်အအုံများကို အစီအရီတွေ့ရသည်။ ကမ်းနားလမ်းသည် သန့်ရှင်းသပ်ရပ်ပြီး လမ်းနယ်ကျယ်သောကြောင့် လေကောင်းလေသန့် ရှူရှိုက်၍ရသည်။ ကမ်းနားလမ်းရှိ မြို့နယ်ရေယာဉ်ပိုင်ရှင်များအသင်းရုံး၌ အထုပ်အပိုးများချပြီးသည်နှင့် မြို့နယ်ရေယာဉ်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးနီက လေ့လာရေးအတွက် လိုအပ်သည်များကို စီစဉ်ပေးသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းမှ မြစ်ချောင်းများသည် မြစ်ပြင်အကျယ်ကြီးမဟုတ်၍ ရာသီဥတုဆိုးရွားပြီး လေပြင်းများ တိုက်ခတ်လာလျှင် ကမ်းသို့ အမြန်ဆုံးကပ်၍ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**

သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ကိုထွေး

မော်လမြိုင်ကျွန်း-ကျိုက်ပိကားလမ်းဘေးရှိ ကြောင်ထောက်ကျေးရွာ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း၏ သစ်လွင်သော ကျောင်းဆောင်သစ်နှင့် မြသားရောင် စပါးခင်းကို ပန်းရစ္စာတွေ့ရစဉ်။

ထူးခြားသည့် ညအပူချိန်များ

(၂၆ - ၁၁ - ၂၀၁၀)

ပင်လောင်း	၆ ဒီဂရီစင်တီဂရိတ်
ဟားခါး	၇ ဒီဂရီစင်တီဂရိတ်